မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်၊ ၂၀၀၇ ခုနှစ်၊ မတ် ၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၅၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကျင်းပ
အစားထိုးရွေးချယ်ခံရသည့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ အမည်စာရင်းကို အတည်ပြု

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများအမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်၊ တိုင်းနှင့် ခရိုင်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

တင်မြှောက်

ရှေးဦးစွာ ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ အဖြစ် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများဖြစ်တော်မူကြသော ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မြို့ဦးစာသင်တိုက် ဆရာတော် ဘဒ္ဒန္တကုဏ္ဍာစာရ၊ ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် မြသိမ်းတန်ကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘန၊ ရန်ကုန်တိုင်း သန်လျင်မြို့နယ် စတုဘုမ္မိက မင်္ဂလာရိပ်သာ ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍဓာဇိဝ၊ ရန်ကုန်တိုင်း တိုက်ကြီးမြို့ သဒ္ဓမ္မပြည်ဇောတိကာရုံ စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏဝံသနှင့် **စာမျက်နှာ ၃ ကော်လံ ၁ ***



ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးတွင် သဘာပတိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တကုမာရ နိဂုံးချုပ် ဩဝါဒကထာ မြွက်ကြားတော်မူစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိုးလေဝသအခြေအနေ

၁-၃-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မတ်လ ၁ ရက်)

တောင်သူများ လူမှုစီးပွားဘဝ မြင့်မားစေမည့် ၁၉၆ခုမြောက် မဒေးရေလှောင်တမံ ဖွင့်လှစ်

စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုမြင့်မားစေရန် နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန် မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ပေးခြင်း၊ စိုက်နည်းစနစ် ပြောင်းလဲပေးခြင်း၊ စိုက်ပျိုးမြေများ ဖော်ထုတ်ပေးခြင်းများအပြင် စိုက်ပျိုးရေရရှိရေးအတွက်လည်း ဆည်မြောင်းတာတမံ စီမံကိန်းများကို ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိသည်။

ယခုအခါ မကွေးတိုင်း ကံမမြို့နယ် ကြို့ပင်ရွာအနီး တည်ဆောက်ပြီးစီးသွားသော မဒေးရေလှောင်တမံကို ဖေဖော်ဝါရီလ ၂၅ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ မဒေးရေလှောင်တမံသည် နိုင်ငံတစ်ဝန်း တည်ဆောက်ဖွင့်လှစ်ခဲ့သော ရေလှောင်တမံ စီမံကိန်းများအနက် ၁၉၆ခုမြောက် ဆည်တမံ ဖြစ်သည်။

မဒေးရေလှောင်တမံအတွင်းရှိ ရေများကို အလျား ၁၀ မိုင်ရှည်သည့် တူးမြောင်းမကြီးနှင့် တူးမြောင်းခွဲများမှတစ်ဆင့် စိုက်ပျိုးမြေဧက ၄၀၀၀ ကျော်ကို ဆည်ရေပေးဝေနိုင်မည် ဖြစ်သည်။ အဆိုပါ ရေလှောင်တမံ ဖွင့်လှစ်လိုက်သည့်အတွက် လယ်ယာမြေဧက ၄၀၀၀ ကျော်တွင် မူလက မိုးစပါးနှင့် ပဲတီစိမ်းကို ပထမတစ်သီးစိုက်ပျိုးပြီး ဒုတိယ သီးထပ်အဖြစ် စပါးကိုသာ စိုက်ပျိုးနိုင်ခဲ့ရာ ယခုအခါ တတိယတစ်သီးအဖြစ် နွေစပါးကို ထပ်မံစိုက်ပျိုးနိုင်တော့မည် ဖြစ်သည်။

ထိုဒေသတွင် ယခင်က သီးနှံစိုက်စွမ်းအား ၁၀၄ရာခိုင်နှုန်းသာရှိခဲ့ရာမှ ယခုအခါ သီးနှံစိုက်စွမ်းအား ၂၁၈ရာခိုင်နှုန်းအထိ တိုးတက်လာသည့်အတွက် မကွေးတိုင်း၌ ဝမ်းစာဖူလုံလာမည့်အပြင် တောင်သူများ၏ လူမှုစီးပွားဘဝလည်း ပိုမိုမြင့်မားလာမည် ဖြစ်သည်။

မဒေးရေလှောင်တမံ၏ အကျိုးရလဒ်သည် ဒေသခံပြည်သူများအတွက် သားစဉ်မြေးဆက် စီးပွားဖြစ်ထွန်းစေမည်သာမက ဒေသစိမ်းလန်းစိုပြည်ရေးကိုပါ အထောက်အကူပြုမည်ဖြစ်၍ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ် မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဦးလှမိုး-ဒေါ်ခင်ဝင်းနှင့် အစ်မဖြစ်သူ မခင်မိုးဝင်းအား ရည်စူး၍ ရန်ကုန်မြို့ ပုဇွန်တောင် မြို့နယ် ရေကျော်အိမ်ကြီးလမ်း အမှတ်(၅၃)နေ မတင်မိုးဝင်း၊ မခင်စန်းငွေ မိသားစုက အလှူငွေကျပ်တစ်သိန်းတစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ပဓာနနာယက ဦးဆောင်နာယက ဩဝါဒါစရိယ ဗုဒ္ဓဂယာဆရာတော်ဘဒ္ဒန္တ ဉာဏိန္ဒ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

(၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို ဧရာဝတီတိုင်း၌ ကတ္တရာလမ်းသစ်များဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီးစီးသော အနော်ရထာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ နယ်စပ်ဒေသနှင့်

တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်၊ မအူပင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်း၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မီးခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေ ပြည်သူများတက်ရောက်ကြသည်။

ထို့နောက် ကတ္တရာလမ်းသစ်အား မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်တင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးအောင်မြသန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဗဟို အလုပ်အမှုဆောင်ဝန်ကြီးနှင့်အဖွဲ့သည် ကတ္တရာလမ်းသစ်ကို လှည့်လည်ကြည့်ရှုကြသည်။ အဆိုပါလမ်းမှာ ညောင်တုန်းမြို့၏ မြို့တွင်းအဓိကကျသည့် လမ်းဖြစ်ပြီး အရှည်ပေ၂၀၈၀ ၊အကျယ်ပေ ၁၂ ရှိသည်။

ဖွင့်ပွဲတက်ရောက်

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ပန်းတနော်မြို့သို့ ရောက်ရှိပြီး ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီးစီးသော ပန်းတနော်မြို့နယ် အင်းမ ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းလမ်း ကတ္တရာလမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

၎င်းနောက် ကတ္တရာလမ်းသစ်ကို ဧရာဝတီတိုင်းစည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးတင့်၊ မအူပင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်း၊ ဧရာဝတီတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးသန်းထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အထက်တန်းကျောင်းလမ်း

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့်အဖွဲ့သည် ကတ္တရာလမ်းသစ်ကို လှည့်လည်ကြည့်ရှုခဲ့သည်။ အဆိုပါ အင်းမကျေးရွာ အခြေခံပညာအထက်တန်းကျောင်းလမ်းမှာ အရှည်ပေ ၂၀၀၀၊ အကျယ် ၁၂ ပေရှိသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့်အဖွဲ့သည်ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီးစီးသော အင်းမ-အင်းတကော်-ခရေကန် ကျေးလက်ကျောက်ချောလမ်း အင်းမ-သရက်တောလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဖွင့်လှစ်

ထို့နောက် ကျောက်ချောလမ်းသစ်ကို ပန်းတနော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြဦး၊ပန်းတနော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးဦးမြင့်သိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

လှည့်လည်ကြည့်ရှု

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ချောလမ်းသစ်ကို လှည့်လည်ကြည့်ရှုသည်။ အဆိုပါ အင်းမ-အင်းတကော်-ခရေကန် ကျောက်ချောလမ်းသည် အရှည်ပေ ၇၇၀၀၊ အကျယ် ၁၂ ပေ ရှိသည်။

၎င်းလမ်းသည် ကျုံပျော်မြို့နယ်နှင့်ဓနုဖြူမြို့နယ်သို့ ဆက်သွယ်သောလမ်းဖြစ်ပြီး အင်းတကော်- သရက်တော-ခရေကန် ကျေးရွာအုပ်စု များရှိ ကျေးလက်နေ ပြည်သူများ ရန်ကုန်-ပုသိမ် လမ်းကြီးသို့ အလွယ်တကူသွားလာနိုင်သည့် ကျေးရွာချင်းဆက်လမ်း တစ်လမ်းဖြစ်သည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁-၃-၂၀၀၇
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄:၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၂၅	၇။	မြန်မာသံစဉ်ချိုနားဝင်
၅:၃၀	၈။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၅:၃၅	၉။	ဟာဒယရွှင်လန်းအငြိမ့်ခန်း
၅:၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	မိုးလေဝသသတင်း
၆:၃၀	၁၄။	လျှပ်တစ်ပြက်
၆:၃၅	၁၅။	လှုပ်လှုပ်ရှားရှား ပုံရိပ်များ
၇:၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်တိုင်းကြားက ချစ်လိပ်ပြာ** (အပိုင်း-၁၄)
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီး** (ဒုတိယတွဲ) (အပိုင်း-၂၅)

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပထမအစည်းအဝေး ကျင်းပစဉ်။
(သတင်းစဉ်)

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပထမအစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ပထမအစည်းအဝေးကို မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ကျင်းပရာ အစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ်ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်၊တိုင်းနှင့်ခရိုင် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

ဆောင်ရွက်တော်မူ

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဧရာဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏာမာရာမဈေးကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တသြသဓာဘိဝံသက ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ သဘာပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် ဘဒ္ဒန္တကုမာရက သြဝါဒကထာ မြွက်ကြားတော်မူသည်။

ရုပ်သိမ်း

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များအား ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန်အတွက် အဖွဲ့ခွဲသုံးဖွဲ့ခွဲဝေသတ်မှတ် တာဝန်ပေးတော်မူကြပြီး အထွေထွေကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းတော်မူကြကာ ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ပထမအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

✳ ရှေ့ဖုံးမှ

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် တောတိုက် ဓမ္မရိပ်သာ ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မသာရတို့အား အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များက တင်မြှောက်တော်မူကြသည်။

အစည်းအဝေးတွင် သဘာပတိ ဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင် ဧရာဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏာမာရာမဈေးကျောင်းတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သြသဓာဘိဝံသက ဆောင်ရွက်တော်မူသည်။

လျှောက်ထား

ထို့နောက် အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားကာ အစည်းအဝေး ထမြောက် အောင်မြင်ကြောင်း ကြေညာတော်မူပြီး ယနေ့ဖြန့်ဝေဆက်ကပ်ထားသော အစီအစဉ်တွင် ပါရှိသည့်အတိုင်း အစည်းအဝေးကို ကျင်းပသွားမည်ဖြစ်ကြောင်း လျှောက်ထားတော်မူသည်။

အတည်ပြုချက်

ဆက်လက်၍ သဘာပတိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ကြီး၏ ကိုယ်စား အခမ်းအနားမှူးဆရာတော်က အစားထိုးရွေးချယ်ခံရသည့်ဆဋ္ဌအကြိမ်နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၏ အမည်စာရင်းကို ဖတ်ကြားတင်သွင်းတော်မူပြီး သဘာပတိဆရာတော်က အစည်းအဝေး၏ အတည်ပြုချက်ကို ရယူတော်မူသည်။

ဆက်လက်၍ သဘာပတိ ဆရာတော်ကိုယ်စား အခမ်းအနားမှူး ဆရာတော်က ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်များနှင့် တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များ၏ အမည်စာရင်းကို ဖတ်ကြားတင်သွင်းတော်မူပြီး သဘာပတိဆရာတော်က အစည်းအဝေး၏ အတည်ပြုချက်ကို ရယူတော်မူသည်။

ထို့နောက် သဘာပတိနိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာ ရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက နိဂုံးချုပ်သြဝါဒကထာကို မြွက်ကြားတော်မူသည်။

(သဘာပတိ ဥက္ကဋ္ဌ ဆရာတော်၏ နိဂုံးချုပ်သြဝါဒကထာကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များက "ဇယန္တော ဗောဓိယာမူလေ"အစချီနှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီးနောက် သာဓုသုံးကြိမ်ခေါ်ဆိုလျက် နံနက်ပိုင်းတွင်ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဆက်ကပ်လှူဒါန်း

ဆဋ္ဌအကြိမ်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ၊ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ ကြွရောက်တော် မူလာကြသည့် နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ကြီးများ၊နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်များနှင့်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များအား အလှူရှင်များက ဆွမ်းခဲဖွယ်ဘောဇဉ်များ ဆက်ကပ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်း အမှတ်(၁၇၇)နေ ဦးလှအေးနှင့် ကိုးပါးဆေးမိသားစုက တစ်နေ့တာ ဆွမ်းဆက်ကပ် လှူဒါန်းသည့်အပြင် ကိုးပါးဆေးမိသားစုက ထုတ်လုပ်သည့် တိုင်းရင်းဆေးဝါးမျိုးစုံတို့ကိုပါဆက်ကပ် လှူဒါန်းကြသည်။

(သတင်းစဉ်)

သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးဆောင်ရွက်ရာ၌ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အချင်းချင်း ညီညီညွတ်ညွတ် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်မှ အောင်မြင်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ဆဋ္ဌအကြိမ်နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးတွင် သဘာပတိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ မြွက်ကြားတော်မူသည့် နိဂုံးချုပ်သြဝါဒကထာအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်-

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော သဘာပတိ ဥက္ကဋ္ဌဆရာတော်၏ နိဂုံးချုပ်သြဝါဒကထာ-

ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိ ပြည်နယ်/တိုင်းအသီးသီး၊ ဂိုဏ်းအသီးသီးတို့မှ ကြွရောက်တော်မူလာကြသော သာသနာ့ဦးသျှောင် သက်တော်ရှည် နိုင်ငံတော်သြဝါဒါစရိယဆရာတော်ကြီးများ အမှူးရှိသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အရှင်မြတ်တို့ဘုရား။

ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ သတ္တမအစည်းအဝေးနှင့် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ ပထမအစည်းအဝေးတို့ကို သာသနာတော်နှစ် ၂၅၅၀ပြည့်နှစ် ကောဇာသက္ကရာဇ် ၁၃၆၈ ခုနှစ် တပေါင်းလဆန်း ၁၁၊၁၂၊၁၃ရက် (ခရစ်နှစ် ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၂၆၊၂၇၊၂၈ရက်)တို့၌ ကျင်းပခဲ့ကြရာ ဤယနေ့ ဤအချိန်အခါတွင် အောင်မြင်ချောမောစွာ ဆုံးခန်းတိုင်ရောက် ပြီးမြောက်ခဲ့ပါပြီ ဘုရား။

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်အရှင်မြတ်တို့ဘုရား-

ဤအစည်းအဝေးကြီးသည် ၂၅ရာခိုင်နှုန်း အနားယူခြင်း၊ အစားထိုးခြင်းတို့ဖြင့် အသစ်ဖွဲ့စည်းအပ်သော ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့တို့၏ ပထမအစည်းအဝေးဖြစ်ပါသည်ဘုရား။ ဘုရားတပည့်တော်တို့သည့် အဖွဲ့သစ်ဖြစ်သည့်အားလျော်စွာ ယခင်ပါဝင်ပြီး ဖြစ်သော ဆရာတော်များရော၊ ယခုအသစ်ပါဝင်လာသော ဆရာတော်များပါ ပုဂ္ဂိုလ်သစ်၊ စိတ်သစ်ဖြင့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို တက်တက်ကြွကြွဆောင်ရွက်တော်မူကြရန် တိုက်တွန်းပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-

သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်တော်မူကြရာ၌ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုအနေဖြင့် ဆောင်ရွက်၍အောင်မြင်နိုင်မည်မဟုတ်ပါဘုရား။ တစ်ယောက်အားနှင့်ယူသော်မရ၊ တစ်သောင်းအားနှင့်ယူသော်ရ၏ဟူသော ရှေးပညာရှင်တို့၏ အဆိုအမိန့်နှင့်အညီ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့ အချင်းချင်း ညီညီညွတ်ညွတ် တိုင်တိုင်ပင်ပင်ဆောင်ရွက်သွားကြမှ အောင်မြင်နိုင်မည်ဖြစ်ပါသည် ဘုရား။ ထို့ကြောင့် တပည့်တော်တို့ အဖွဲ့အစည်းဝင် အချင်းချင်းလည်းကောင်း၊ အထက်အဖွဲ့အစည်းနှင့် အောက်အဖွဲ့အစည်း အချင်းချင်းလည်းကောင်း ညီညီညွတ်ညွတ်ညှိညှိနှိုင်းနှိုင်းတိုင်တိုင်ပင်ပင် ဆောင်ရွက်တော်မူကြပါရန် လျှောက်ထားပါသည်ဘုရား။

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အရှင်မြတ်တို့ဘုရား-

ဆရာတော်အရှင်မြတ်တို့သည် မိမိတို့၏ ဒေသ၌ အရှိန်အဝါ သြဇာကြီးမားတော်မူကြသည့် ပါကဋပုဂ္ဂိုလ်များ ဖြစ်ကြပါသည်ဘုရား။ အရှင်မြတ်တို့၏ နည်းလမ်းညွှန်ပြသြဝါဒကို အများသံဃာထုက လိုက်နာကြမည်မှာ ဧကန်ပင်ဖြစ်ပါသည်။ သို့ဖြစ်၍ အရှင်မြတ်တို့သည် ဤအစည်းအဝေးကြီးမှ ပြန်လည်ကြွမြန်း၍ မိမိတို့ဒေသအသီးသီးသို့ ရောက်ရှိတော်မူကြသည့်အခါ ရှေးရှေးသော သာသနာပြုမဟာထေရ် အရှင်မြတ်ကြီးများ၏ ထုံးကို နှလုံးမူကြလျက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်ဆဲ၊ ဆောင်ရွက်လတ္တံ့ဖြစ်သော-

(၁) ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရန်ကိစ္စ။
(၂) ဖွင့်လှစ်ပြီးသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ တည်တံ့ခိုင်မြဲစေရန်ကိစ္စ။
(၃) ဝိနည်းသိက္ခာပုဒ်များ၌ မကျွမ်းကျင်သည့် ကျောင်းထိုင်ဘုန်းကြီးများအား အချိန်အခါအားလျော်စွာ ရက်တိုသင်တန်းပေးရန်ကိစ္စ။
(၄) ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ အရှိန်အဟုန်မပျက်စေမူ၍ တိုးတက်ပြန့်ပွားလာရေးကိစ္စ။
(၅) မြို့နယ်သံဃနာယကဆရာတော်များ၊ မြို့နယ်နှင့်ပြည်နယ်/တိုင်း ဝိနည်းဓိုရ်ဆရာတော်များ လုပ်ထုံးလုပ်နည်းကျွမ်းကျင်စေရန်ကိစ္စ အစရှိသော သာသနာတော်အတွက် ဆောင်ရွက်ဖွယ် ကိစ္စအဝဝတို့ကို ပြင်းပြထက်သန်သော ဖွဲလုံ့လဖြင့် မဖြစ်မနေဆောင်ရွက်တော်မူကြပါရန် လေးလေးနက်နက် တိုက်တွန်းမှာကြားပါသည်ဘုရား။

နိဂုံးချုပ်လျှောက်ထားလိုသည်မှာ သာသနာတော် သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးကို အလေးပေးကာ ခန္ဓာကိုယ်ပင်ပန်းနွမ်းနယ်မှုကို ဂရုမထားဘဲ အားခဲကြွရောက် ချီးမြှောက်တော်မူကြသော သက်တော်ရှည် နိုင်ငံတော်သြဝါဒါစရိယဆရာတော်ကြီးများ၊ ဆိုင်ရာဆိုင်ရာ သာသနာ့ကိစ္စအဝဝတို့ကို ကိုယ်ဖိရင်ဖိ ဆောင်ရွက်တော်မူကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်များ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၊ အဘက်ဘက်မှ အားပေးချီးမြှောက် ထောက်ပံ့ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစိုးရနှင့် အာဏာပိုင်အဖွဲ့အစည်းများ၊ နှစ်ပတ်လည်ဗဟိုဝန်ဆောင်အစည်းအဝေးကြီးဖြစ်မြောက်အောင် စီစဉ်ဆောင်ရွက်ပေးကြသည့် သာသနာရေးဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အရာထမ်း၊ အမှုထမ်းများ၊ လုံခြုံရေး၊ ကျန်းမာရေး၊ ပင့်ဆောင်ရေး၊ ကြိုဆိုရေး၊ နေရာချထားရေး၊ ဆွမ်းကွမ်းဝေယျာဝစ္စပြုစုရေး၊ အစည်းအဝေးကြီး၌ တင်သွင်းရမည့် စာအုပ်စာတမ်း အစီအစဉ်တင်လွှာ၊ လျှောက်ထားလွှာ စသည်တို့ကိုပြုစုရေး အစရှိသော ကိစ္စပေါင်းမြောက်မြားစွာတို့ကို စေတနာသဒ္ဓါထက်သန်စွာဖြင့်ဆောင်ရွက်ပေးကြသော သာသနာရေးဦးစီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့်တကွ ဥပဋ္ဌာကဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်ပြည်သူပြည်သားအားလုံး ကိုယ်စိတ်နှစ်ဖြာကြည်သာရွှင်လန်း ကျန်းမာချမ်းသာစွာဖြင့် သာသနာတော်အကျိုး ဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ကြပါစေ။ မိမိတို့ပန်ဆင်အပ်သော ဗောဓိဆုမြတ်ဖြင့် သန္တိသုခအမတစခန်း နိဗ္ဗာန်နန်းသို့ စံမြန်းနိုင်ကြပါစေဟု မေတ္တာပွားကာ ပတ္ထနာပြုလျက် တပည့်တော်၏သြဝါဒကို နိဂုံးချုပ်ပါသည် ဆရာတော်သံဃာတော် အရှင်မြတ်တို့နှင့်တကွ ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့။ ။

မိုးကောင်းနွယ်ဖွားတို့၏ တတိယအကြိမ် သြဝါဒခံယူပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ဟင်္သာတမြို့ မိုးကောင်းပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော်ကြီးထံမှ အဝေးရောက် မိုးကောင်းနွယ်ဖွား တပည့်များ၏ တတိယအကြိမ် သြဝါဒခံယူပွဲကို ရန်ကုန်တိုင်း ရွှေပြည်သာမြို့ ဟင်္သာတ ပရိယတ္တိစာသင်တိုက်၌ မတ်၂ရက်(တပေါင်းလပြည့်နေ့) မွန်းလွဲ၁နာရီတွင်ကျင်းပမည်ဖြစ်သည်။ အဝေးရောက် တပည့်အပေါင်းတို့အား ပင့်ဖိတ်စာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ပင့်လျှောက်ထားကြောင်း သိရသည်။ **(က-ပ)**

သမ္မတဘုရှ်၏ လက်တင်အမေရိက ခရီးစဉ် အောင်မြင်မည်မဟုတ်ကြောင်း ချာဗက်ဇ် ပြောကြား

ကရာကပ် ဖေဖော်ဝါရီ ၂၈

အမေရိကန်သမ္မတဂျော့ဒဗလျူဘုရှ်၏ လက်တင်အမေရိကခရီးစဉ်မှာ အောင်မြင်မည်မဟုတ်ကြောင်း၊ မုချကျဆုံးမည့် သံတမန်ရေး အားထုတ်မှုမျှသာဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က ဖေဖော်ဝါရီ၂၄ ရက်က ပြောကြားလိုက်သည်။

သမ္မတဘုရှ်၏ ထိုခရီးစဉ်မှာ လက်တင်အမေရိက နိုင်ငံများအား သွေးခွဲပြီး၊ ဒေသတွင်း ဗင်နီဇွဲလားနိုင်ငံ၏ ဩဇာအရှိန်ကို ထိန်းချုပ်ရန် ရည်ရွယ်ခြင်းသာဖြစ်ကြောင်း သမ္မတ ချာဗက်ဇ်က ပြောကြားသည်။

သမ္မတဘုရှ်၏ သံတမန်ရေး အားထုတ်မှုမှာ အမှန်စင်စစ် နောက်ကျသွားပြီဖြစ်ကြောင်း ဗင်နီဇွဲလား သမ္မတက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

ရှင်းလင်းပြောကြား

သမ္မတဘုရှ်အား လက်ခံတွေ့ဆုံရန် အခြားသော လက်တင်အမေရိက နိုင်ငံများ၏ ဆုံးဖြတ်ချက်ကို မိမိလေးစားကြောင်း၊ သို့သော် ဗင်နီဇွဲလားနိုင်ငံသမ္မတက ဘုရှ်သည် မည်ကဲ့သို့သော လူစားမျိုးဖြစ်သည်ကို သိပြီးဖြစ်၍ ၎င်းအား မည်သည့်အခါမျှ ဖိတ်ကြားမည် မဟုတ်ကြောင်း ၎င်းက ရှင်းလင်း ပြောကြားလိုက်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်-သီရိလင်္ကာ သံတမန်ဆက်ဆံရေး နှစ် (၅၀)ပြည့် အထိမ်းအမှတ် တရုတ်သို့ ဆင်လက်ဆောင်ပေး

ပေကျင်း ဖေဖော်ဝါရီ ၂၈

သီရိလင်္ကာသမ္မတ မဟင်ဒါရာဂျာပတ်ဆီက သီရိလင်္ကာနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ သံတမန် ဆက်ဆံရေးထူထောင်ခဲ့သည့် နှစ်(၅၀)ပြည့်မြောက်သည့် အထိမ်းအမှတ်အဖြစ် ငါးနှစ်သားအရွယ် မီဂါရာအမည်ရှိ ဆင်တစ်ကောင်အား လက်ဆောင်ပေးလိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ကိုယ်စားပြု

ဆင်ရတနာကို သီရိလင်္ကာပြည်သူများက တန်ဖိုးထားကြကြောင်း၊ ယခု လက်ဆောင်ပေးသည့် မီဂါရာအမည်ရှိ ဆင်သည် ဆက်ဆံရေးကို ကိုယ်စားပြုကြောင်း သီရိလင်္ကာသမ္မတက ပြောကြားသည်။

ကုန်သွယ်မှု

တရုတ်နှင့် သီရိလင်္ကာနိုင်ငံတို့သည် ၂၀၀၆ ခုနှစ်က စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ ၁ဒသမ ၄၄၁၂၉ ဘီလီယံရှိခဲ့ကြောင်း ယင်းမှာ လွန်ခဲ့သောနှစ်ကထက် ၁၆ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ



တရုတ်နိုင်ငံ အန်ဟွေးပြည်နယ်ရှိ အိုက်ဖေမြို့မှ ဟူဟန်မြို့သို့ ဆက်သွယ်ဖောက်လုပ်သည့် မီးရထားလမ်း စီမံကိန်း၏ တစ်စိတ်တစ်ဒေသကို ဖေဖော်ဝါရီ ၂၇ ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နိုင်ဂျီးရီးယား ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည်

အဘူဂျာ ဖေဖော်ဝါရီ ၂၈

နိုင်ဂျီးရီးယားနိုင်ငံသည် ကမ္ဘာ့ခရီးသွားလုပ်ငန်းတွင် အဆင့် ၁၀ နေရာအထိ ရောက်ရှိအောင် ကြိုးစား ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ဂျီးရီးယားအစိုးရက ဖေဖော်ဝါရီ ၂၆ ရက်တွင် ထုတ်ဖော် ပြောကြားလိုက်သည်။

နိုင်ဂျီးရီးယားနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များလာရောက်မှုပိုမိုဆွဲဆောင်နိုင်ရန် နိုင်ငံအတွင်း ခရီးသွားလုပ်ငန်းဆိုင်ရာ နေရာများကိုလည်း ဖွံ့ဖြိုးအောင် ဆောင်ရွက်ထားကြောင်း နိုင်ဂျီးရီးယား ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးမှုကော်ပိုရေးရှင်း (အင်တီဒီစီ)၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ အိုလူဂန်ရန်စီဝီက ပြောကြားသည်။

တွန်းအားပေး

ထို့အတူ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်တွင်းရှိ ပုဂ္ဂလိက ခရီးသွားလုပ်ငန်းရှင်များ အနေဖြင့် ပိုမိုရင်းနှီး မြှုပ်နှံကြရေးကိုလည်း တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ဂျီးရီးယားနိုင်ငံ ပလာတီယူပြည်နယ်အလယ်ပိုင်း ကူရာရေတံခွန်ပေါ်တွင်လည်း ခရီးသွားလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် စီးပွားရေးလုပ်ငန်းရှင်များအား ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ အခြားစိတ်ဝင် စားဖွယ်နေရာများတွင်လည်း ရင်းနှီးမြှုပ်နှံခွင့်ပြုသွားမည်ဖြစ်ကြောင်း၎င်းကဆက်လက်ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အင်တာနက် – ကျန်းမာရေး

ကြက်သွန်ဖြူ စားသုံးခြင်းသည် ကိုလက်စထရော မကျနိုင်

ဝါရှင်တန် ဖေဖော်ဝါရီ ၂၈

ကြက်သွန်ဖြူစားသုံးခြင်းသည် ခန္ဓာကိုယ်အတွင်း ကိုလက်စထရောကျဆင်းမှုဖြစ်စေခြင်းမှာမဟုတ်ကြောင်း၊ ကိုလက်စထရောကျဆင်းအောင် ပြုလုပ်ပေးနိုင်ခြင်းမရှိကြောင်း အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်တစ်ရပ်၌ ဖော်ပြလိုက်သည်။

လက်တွေ့စမ်းသပ် ဓာတ်ခွဲမှုများအရ ကိုလက်စထရောကျဆင်းမှုကို ကြက်သွန်ဖြူစားသုံးခြင်းက အထောက်အကူမပြုကြောင်း ၎င်းတို့က တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

သို့ရာတွင် ကြက်သွန်ဖြူတွင် ပါဝင်သော အခြားဓာတ်များက လူတို့၏ ကျန်းမာရေးကိုအထောက်အကူပြုကြောင်း၊ သို့သော်လည်း ကြီးမားသောအကျိုးပြုမှုမရှိသည်ကို တွေ့ရကြောင်းလည်း အမေရိကန် စတန်းဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ကြက်သွန်ဖြူစားသုံးခြင်းသည် လူတို့အား ဘေးဥပဒ်တစ်စုံတစ်ရာမပေးကြောင်းကို ၎င်းတို့က အတည်ပြု ပြောကြားသည်။ ကြက်သွန်ဖြူကို ကျန်းမာရေးအတွက် စားသုံးမှုနှင့် ဆေးဝါးကုသမှုအဖြစ် ရှေးနှစ်ထောင်ပေါင်း များစွာကပင် အသုံးပြုလာခဲ့ကြသည်။ အီဂျစ်တို့က နှစ်ပေါင်း ၃၅၀၀ ခန့်ကပင် ကြက်သွန်ဖြူကို စားသုံးခဲ့ကြသည်။**(အပေါ်ပုံ)**

၎င်းတို့အနေဖြင့် အသက် (၃၀)မှ (၆၅)နှစ်အတွင်း လူ ၁၇၀နှင့် တိရစ္ဆာန်အကောင် ၉၀ကျော်တို့အား လက်တွေ့ စမ်းသပ်ခဲ့ရာမှ ယခုကဲ့သို့ ပြောကြားခဲ့ကြခြင်း ဖြစ်သည်။ **(အင်တာနက်)**

အဆုတ်ကင်ဆာ ရောဂါသည်များ အရောင်ပြားဖြင့် စမ်းသပ်ကုသနိုင်

နယူးယောက် ဖေဖော်ဝါရီ ၂၈

အဆုတ်ကင်ဆာရောဂါဖြစ်ပွားနေသော လူများ၏ ဝင်လေထွက်လေကြောင့် ဓာတုပြောင်းလဲမှုကို ဖော်ပြပေးနိုင်သော အရောင်များနှင့် စမ်းသပ်မှုတစ်ခုကို အမေရိကန် သုတေသနပညာရှင်များက တီထွင်ဖော်ထုတ်လိုက်သည်။

ထိုအရောင်ကားချပ်တွင် အရောင်အမျိုးအစားပေါင်း ၃၆ မျိုး ပါရှိသော အကွက်လေးများ ပါရှိသည်။ အရောင်ကားချပ်၏ အရွယ်အစားမှာ နှစ်ပေါင်တန် ဒင်္ဂါးတစ်ခု၏ အရွယ်ထက် အနည်းငယ်မျှသာ ကြီးမားသည်။**(အောက်ပုံ)**

အဆုတ်ကင်ဆာရောဂါ ဖြစ်ပွားနေသူတစ်ဦးအနေဖြင့် အဆိုပါအရောင်ကားချပ်ကို အသုံးပြုကာ ဝင်လေထွက်လေ ပြုလုပ်စမ်းသပ်ကြည့်ပါက အရောင်ပြောင်းလဲမှု အနေအထားကိုကြည့်ပြီး ကင်ဆာရောဂါ ပြင်းထန်မှုရှိမရှိ၊ ကုသနိုင်သည့် အခြေအနေ ရှိမရှိကို သိရှိနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

လူနာ၏ ဝင်လေထွက်လေ ရိုက်ခတ်မှုကြောင့် အရောင်ပြားလေးပေါ်တွင် အရောင်ပြောင်းလဲမှု အနေအထားကိုကြည့်ပြီး ဆရာဝန်များက လိုအပ်သည့် ဆေးဝါးကုသမှုများ ထိရောက်စွာ ညွှန်ကြားနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

လူနာ ၁၂၂ ဦးကို ထိုအရောင်ပြားဖြင့် စမ်းသပ်ခဲ့ရာ ကင်ဆာရောဂါဖြစ်ပွားသူ ၄၉ ဦး အပါအဝင် အဆုတ်ကင်ဆာဖြစ်ပွားသူများကို ဆေးဝါးကုသပေးနိုင်ခဲ့သဖြင့် ကင်ဆာရောဂါမဟုတ်ကြောင်း လူ၂၁ ဦးကိုလည်း ခွဲခြားပေးနိုင်ခဲ့သည်ဟု ဒေါက်တာဂျိမ်းဖောက်က ပြောကြားသည်။ **(အင်တာနက်)**



ဗီယက်နမ် မွေးမြူရေးခြံများ၌ ခွာနာလျှာနာရောဂါဖြစ်ပွား

ဟန္ဒိုင်း ဖေဖော်ဝါရီ ၂၈

ဗီယက်နမ်နိုင်ငံ ဒဲလေ့စ်ပြည်နယ် တောင်ပေါ်ဒေသ၌ လွန်ခဲ့သည့်ရက်အနည်းငယ်က ခွာနာလျှာနာ ရောဂါဖြစ်ပွားလျက်ရှိကြောင်း ဖေဖော်ဝါရီ ၂၆ ရက်က ဒေသဆိုင်ရာ တိရစ္ဆာန် ဆေးကုသရေးဌာနက ပြောကြားသည်။

ယင်းရောဂါ ဖြစ်ပွားမှုသည် ဒဲလေ့စ်ပြည်နယ် ကောင်နန်ခရိုင်တွင် ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၂ ရက်အတွင်း ဝက်ကောင်ရေ ၁၂၆ ကောင်နှင့် သိုးကောင်ရေ ၃၁ကောင်တို့တွင် အဆိုပါရောဂါများဖြစ်ပွားကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ တိရစ္ဆာန်ရောဂါကာကွယ် ကုသရေးဌာနမှ ပြောကြားသည်။ ၎င်းဒေသအတွင်းရှိ ကြက်ခြံများနှင့် ကျွဲနွားခြံများ၌ ပိုးမွှားရောဂါ ကာကွယ်ရေးအတွက် တိရစ္ဆာန်ကုသရေးဌာနမှ ကာကွယ်ဆေးထိုးပေးကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံ၏ အမျိုးသားစိုက်ပျိုးမွေးမြူရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ချမှတ်ကာ ၂၀၁၀ ပြည့်နှစ်တွင် ဝက်ကောင်ရေ သန်း ၄၀ ခန့်၊ နွားကောင်ရေ ၆ ဒသမ ၇ သန်း၊ သိုးကောင်ရေ ၆ဒသမ၅သန်း၊ ကျွဲကောင်ရေ ၂ ဒသမ ၈ သန်းနှင့် ကြက်ဘဲကောင်ရေ သန်း ၃၉၀ ခန့်တို့ကို မွေးမြူရေးကဏ္ဍတွင် တိုးတက်အောင်မြင်ရန် ဖော်ဆောင်သွားမည်ဖြစ်ကြောင်း အဆိုပါ သတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပနားမား၌ ယာဉ်တိုက်မှု ၃၇ ဦးဒဏ်ရာရ

ပနားမားစီးတီး ဖေဖော်ဝါရီ ၂၈

အားလပ်ရက်အတွင်း ပနားမားနိုင်ငံ ပနားမားစီးတီး၏ အနောက်ဘက် ကီလိုမီတာ ၁၀၀ အကွာခန့်တွင် ခရီးသည်တင် ဘတ်စ်ကားတစ်စီး ယာဉ်တိုက်မှုဖြစ်ပွားခဲ့ပြီး လူ ၃၇ဦးဒဏ်ရာရခဲ့ကြောင်း၊ ၎င်းတို့အနက် ၁၃ဦးမှာ ဒဏ်ရာပြင်းထန်ခဲ့ကြောင်း ရဲများက ဒေသတွင်း အသံလွှင့်ဌာနများသို့ ဖေဖော်ဝါရီ ၂၅ရက်က ထုတ်ဖော် ပြောကြားခဲ့သည်။

ဒဏ်ရာပြင်းထန်သောယာဉ်မောင်းနှင့်အခြား ၁၂ ဦးကို မြို့တော်ရှိဆေးရုံများသို့ တင်ပို့ခဲ့ရကြောင်း၊ ဒဏ်ရာရသူများအနက် နှစ်ဦးမှာ ကော့စတာရီကာနိုင်ငံသားများဖြစ်ကြောင်း သတင်းများက ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရွှေဘုန်းပွင့်စေတီတော်မြတ် ဘက်စုံမွမ်းမံပြင်ဆင်ရေး လုပ်ငန်းညှိနှိုင်း ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ဆွေးနွေးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အဆိုပါစေတီတော်မြတ်ကြီးရှိ ဓမ္မာရုံသစ်၌ ကျင်းပရာ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပုဇွန်တောင်မြို့နယ် တာဝန်ခံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဆပ်ကော်မတီ အသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူတို့က မိမိတို့ကဏ္ဍအလိုက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့်ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးမှာကြား

ထို့နောက် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီ ဥက္ကဋ္ဌ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေး မှာကြားရာတွင် သုံးထပ်ဓမ္မာရုံကြီး၌ ရုပ်ပွားတော်များအား ကြည်ညိုဖွယ် ပူဇော်ထားရှိရန်၊ ဘက်စုံပြုပြင်မွမ်းမံ ပြင်ဆင်ရေးလုပ်ငန်းများကို စနစ်တကျဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် လုပ်ငန်းဇယားရေးဆွဲထားသည့်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်တို့ကို ဆွေးနွေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

လုပ်ငန်းညှိနှိုင်းအစည်းအဝေးအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် တာဝန်ရှိသူများသည်ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု **(အပေါ်ပုံ)**နှင့် ဗုဒ္ဓစက်တော်ရာတန်ဆောင်းအား အမိုးနှင့်မျက်နှာကြက်အသစ် ပြန်လည်လဲလှယ်တပ်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁–၃–၂၀၀၇ (ကြာသပတေးနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇း၀၅ ခဲယဉ်းတရားရရှိကြား မမှားကြစေနဲ့ တရားတော် (မြစိမ်းတောင်ဆရာတော် အရှင်ဇာနေယျ)(အပိုင်း–၁)
- ၈း၀၅ ကျိုက်မော်ဝန်း ရေလယ်စေတီတော် (ဗုဒ္ဓပူဇနိယပွဲတော်)
- ၈း၂၀ တေးဂီတအစီအစဉ်
- ၈း၂၅ ပြည်တွင်းအနုပညာရေးရာ
- ၈း၅၅ တေးဂီတအစီအစဉ်
- ၉း၀၅ မကြားနိုင် မပြောနိုင်သော်လည်း ထူးချွန်နိုင်ကြသူများ
- ၉း၂၅ ပြည်တွင်းသတင်းအကျဉ်း
- ၉း၃၅ ၂၀၀၄ခုနှစ်၏ အကောင်းဆုံးဇာတ်ကားတည်းဖြတ်ဆုရ “ ဦးဇော်မင်း” နှင့် တွေ့ဆုံခြင်း
- ၉း၅၅ တေးဂီတအစီအစဉ်
- ၁၀း၀၀ ယနေ့သိပ္ပံနှင့် နည်းပညာ
- ၁၀း၁၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀း၂၀ သာဓုခေါ်စေသော် အလင်းအလှူတော်
- ၁၀း၄၀ တေးဂီတအစီအစဉ်
- ၁၀း၄၅ ပေမူမှသည် ပုံနှိပ်မူသို့
- ၁၀း၅၅ မိုးလေဝသခန့်မှန်းချက်
- ၁၁း၀၀ သွားမယ် စားမယ် (Shanti Indian Food)
- ၁၁း၂၅ တေးဂီတအစီအစဉ်
- ၁၁း၃၀ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ် ပျော်ပွဲရွှင်ပွဲနှင့် အထူးဈေးရောင်းပွဲတော်အကြို
- ၁၁း၄၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁း၅၀ တေးဂီတအစီအစဉ်
- ၁၁း၅၅ အန္တရာယ်ကင်းသော မိခင်ဘဝ (ဒေါက်တာ သိန်းသိန်းငွေး)
- ၁၂း၀၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂း၁၀ MRTV-4 ကျန်းမာရေးကဏ္ဍ (အဆုတ်ကင်ဆာရောဂါအကြောင်း) (ဒေါက်တာတင်မောင်ချို)
- ၁၂း၃၀ တေးဂီတအစီအစဉ်
- ၁၂း၃၅ စာရေးဆရာ မောင်ဒဂုန်နှင့်တွေ့ဆုံခြင်း
- ၁း၀၀ MRTV-4 အပိတ် Logo

ရန်ပြေမာရ်ပြေ မဟာဗောဓိဆုတောင်းပြည့်စေတီ ဗုဒ္ဓါဘိသေက အနေကဇာတင်နှင့် ဌာပနာပိတ်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့နယ် တရုတ်မှော်ရွာတွင် အိန္ဒိယနိုင်ငံ (မဇ္ဈိမဒေသ) ဗုဒ္ဓဂယာမြန်မာကျောင်းဆရာတော်ဘဒ္ဒန္တဉာဏိန္ဒ(အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း၏ ပဓာနနာယကဆရာတော်သည် ခမည်းတော် ဦးဘိုကြီး၊ မယ်တော် ဒေါ်ပု(ခ)ဒေါ်ကလေးမ (တရုတ်မှော်ရွာ–နံ့ဂါတ်ရွာ)တို့အား ရည်စူး၍ ရန်ပြေမာရ်ပြေ မဟာဗောဓိဆုတောင်းပြည့်စေတီတော်မြတ်ကို ရည်စူး၍ ရန်ပြေမာရ်ပြေ မဟာဗောဓိဆုတောင်းပြည့်စေတီတော်မြတ် တည်ထားကိုးကွယ်လှူဒါန်း ပူဇော်ခြင်းအတွက် ဗုဒ္ဓါဘိသေကအနေကဇာတင်၊ ဌာပနာသွင်းလှူပူဇော်ခြင်းနှင့် တရားတော်နာရေစက်ချခြင်း မင်္ဂလာအခမ်းအနားကိုကျင်းပမည်ဖြစ်သည်။ တပေါင်းလပြည့်ကျော် ၃ရက်(မတ် ၅ ရက်)တွင် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲဖွင့်ပွဲ၊ တပေါင်းလပြည့်ကျော် ၄ရက်(မတ် ၆ရက်)တွင် မဟာပဋ္ဌာန်းပိတ်ပွဲ၊ တပေါင်းလပြည့်ကျော် ၅ ရက်(မတ် ၇ရက်)တွင် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် ရေစက်ချ အခမ်းအနား၊ မွန်းလွဲ ၁နာရီတွင် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ တရားပွဲ၊ ညနေ ၅နာရီတွင် နိဗ္ဗာန်ဈေးပွဲနှင့် ညပိုင်းဆိုင်းအဖွဲ့ ဖျော်ဖြေခြင်း၊ တပေါင်းလပြည့်ကျော် ၆ရက်နှင့်၇ရက်(မတ် ၈ရက်နှင့် ၉ရက်) တွင် ရွှေညီအစ်ကိုနှင့် ဒါလီလင်းဇာတ်အဖွဲ့ ဖျော်ဖြေခြင်း၊ မတ် ၅ရက်နှင့် ၆ရက်တွင် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာ နီလာသိန်း(လင်းရောင်သစ်)က မျက်စိဝေဒနာရှင်များအား အခမဲ့ကုသခြင်းများကို ပြုလုပ်သွားမည်ဖြစ်ရာ ဖုန်း–၅၃၇၅၉၇၊ ၇၂၆၁၃၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ပျော်ပွဲရွှင်ပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့် ဆိုင်ခန်း ၁၀၀ကျော်မှ ပစ္စည်းမျိုးစုံ အထူးလျှော့ဈေးဖြင့် ရောင်းချပေးလျက်ရှိ

သတင်းမှတ်စု–အထက်မင်းလှညွန့်အောင်၊ ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၈

မင်းသုကျော် Marketing Group က စီစဉ်ကျင်းပသည့် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ပျော်ပွဲရွှင်ပွဲနှင့် အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီက ပြည်သူ့ရင်ပြင် ဓမ္မစေတီလမ်း ဝင်ပေါက်မုခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ် ပျော်ပွဲရွှင်ပွဲနှင့် အထူးဈေးရောင်းပွဲတော်အား ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဦးအောင်မြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်မှူးကြီးသန်းထွဋ်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ဌာနမှူးဦးညွန့်ဖေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ဆက်လက်၍ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ပျော်ပွဲရွှင်ပွဲနှင့် အထူးဈေးရောင်းပွဲတော်မုခ်ဦးအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးဦးတင်စိုးက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆိုင်ခန်း ၁၀၀ ကျော်

ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ် ပျော်ပွဲရွှင်ပွဲနှင့် အထူးဈေးရောင်းပွဲတော်ကြီးတွင် အရောင်းဆိုင်ခန်းပေါင်း ၁၀၀ကျော်က စားသောက်ကုန်ပစ္စည်း အမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ အိမ်သုံးပစ္စည်းအမျိုးမျိုး၊ ဆေးဝါးပစ္စည်းအမျိုးမျိုး၊ အလှကုန်ပစ္စည်းအမျိုးမျိုး၊ အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုး၊ ကလေးပစ္စည်းအမျိုးမျိုး၊ မီးဖိုချောင်သုံးပစ္စည်း အမျိုးမျိုးကို ပွဲတော်ကာလအတွင်း အထူးလျှော့ဈေးဖြင့် ရောင်းချပေးလျက်ရှိသည်။

အထူးလျှော့ဈေး

ဒဂုံဆိပ်ကမ်းစက်မှုဇုန်မှ ထုတ်လုပ်သည့် ရာနှုန်းပြည့်သက်သတ်လွတ်နှင့်ဆီတံဆိပ်အသားတုများ၊ ငါးသုံးလုံးတံဆိပ် စတီးပစ္စည်းများမှာ လူကြိုက်များလှသည်။ ချည်သားစစ်စစ် စင်ကာပူတီရှပ်များကို တစ်ထည်ကျပ် ၁၅၀၀နှုန်းဖြင့် ၁၀ ထည်ဝယ်လျှင် တစ်ထည်လက်ဆောင်ပေးကာ အထူးလျှော့ဈေးဖြင့်ရောင်းချပေးလျက်ရှိရာ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။ **(အောက်ပုံ)**

ဖျော်ဖြေရေးအစီအစဉ်

ပွဲတော်ကာလအတွင်း နေ့စဉ် မွန်းလွဲ ၁ နာရီမှ ည ၈ နာရီအထိ Talent and Model Agency မှ ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်သည်။ Happy World ပျော်ရွှင်စရာ ကစားကွင်းများလည်းရှိသည်။

ပွဲတော်ကျင်းပသည့် ဖေဖော်ဝါရီ ၂၈ရက်မှ မတ် ၄ ရက် ကာလအတွင်း ကျယ်ဝန်းပြီး အရိပ်အာဝါသ ကောင်းသည့် ပြည်သူ့ရင်ပြင်ကြီးတွင် အပန်းဖြေနားနေရင်း ဈေးနှုန်းချိုသာ စစ်မှန်သည့်ပစ္စည်းများကို လာရောက်ဝယ်ယူနိုင်ကြပါကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း အင်တာနက် သတင်းအတိုအထွာ

ကာလတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၅၀ တန်ဖိုးရှိ ပန်းချီဆရာ ပီတာဆို၏ ပန်းချီကားနှစ်ချပ် ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ၎င်း၏မြေးအိမ်မှ အခိုးခံခဲ့ရကြောင်း ဖေဖော်ဝါရီ ၂၈ရက်က အင်တာနက် သတင်း၌ ဖော်ပြသည်။

အသက် ၈၀ရှိ ကျူးဘားသမ္မတ ဖီဒယ်ကက်စ်ထရိုသည် ၂၀၀၆ခုနှစ် ဇူလိုင်လ နှောင်းပိုင်းက နာမကျန်းဖြစ်ခဲ့ပြီးနောက် ကျန်းမာရေးပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း ပထမဆုံးအကြိမ် ရေဒီယိုမှ မိန့်ခွန်းပြောကြားခဲ့ကြောင်း ဖေဖော်ဝါရီ ၂၈ရက်က အင်တာနက် သတင်းအဖြစ်ဖော်ပြသည်။

မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားနိုင်ငံတို့မှ အဆင့်မြင့်တာဝန်ရှိသူများသည် မြောက်ကိုရီးယားက ယမန်နှစ်တွင် နျူကလီးယားဒုံးကျည်များ စမ်းသပ်ခဲ့ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ပြုံယမ်းမြို့၌ တရားဝင်ဆွေးနွေးကြပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၈ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။

ဂျော်ဒန်နိုင်ငံက အီရတ်နိုင်ငံမှ ဒုက္ခသည်များ ဝင်ရောက်လာနေမှုကို တားဆီးကာကွယ်သွားရန်အတွက် စည်းကမ်းအသစ်များ ထုတ်ပြန်ကြေညာလိုက်ကြောင်း အီရတ်မှ ဂျော်ဒန်သို့ လာရောက်သူများသည် ၂၀၀၆ခုနှစ် နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများဖြစ်ရမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၈ရက်က အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။

အီတလီနိုင်ငံ ဆစ်စလီကျွန်းမြောက်ဘက်ရှိ စရောင်ဘိုလီကျွန်း၌ မီးတောင်ထိပ်ဝနှစ်ခု ပွင့်ထွက်လာပြီးနောက် အနီးဝန်းကျင်နေထိုင်သူများအား အရေးပေါ်အစီအစဉ်များပြင်ဆင်ထားကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း ဖေဖော်ဝါရီ ၂၈ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပြင်သစ်နှင့် ဆွစ်ဇာလန်နိုင်ငံကြားရှိ ဥရောပနျူကလီးယားဌာန၌ ဇရာမ မြေအောက်ရူပဗေဒ ဓာတ်ခွဲခန်းကြီး တစ်ခုကို စတင်တည်ဆောက်နေပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၈ရက်က အင်တာနက် သတင်းတွင် တွေ့ရသည်။ **(အင်တာနက်)**

ဧရာဝတီတိုင်း ရေကြည်မြို့နယ်မှ ကြိမ်အချောထည်ထုတ်လုပ်မှုလုပ်ငန်း
ဒေသသုံးပစ္စည်းအဖြစ်မှ စီးပွားဖြစ်လုပ်ငန်းအဖြစ် တိုးမြှင့်ထုတ်လုပ်
အိမ်နီးချင်းနိုင်ငံများနှင့် အနောက်ဥရောပဈေးကွက်သို့တိုင် ဖြန့်ဖြူးနိုင်

ကွင်းဆင်းလေ့လာမေးမြန်း ရေးသားသူ
သန်းသန်းနု နှင့် တင်မာဝင်း

ဓာတ်ပုံမှတ်တမ်း
တင်စိုး (မြန်မာ့အလင်း)

"ကုမ္ပဏီများကို ကြိမ်ထည်ပစ္စည်းများ ပထမအဆင့် မူကြမ်းအနေအထားနဲ့ တင်ပို့ပါတယ်။"
ဦးခင်ဆန်း (ရွှေအိုးကြီးကြိမ်နှင့်ဝါးလုပ်ငန်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ဧရာဝတီတိုင်း ရေကြည်မြို့ ကြိမ်လုပ်ငန်းခွင်သို့ မကြာမီက မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်လေ့လာခဲ့ကြပါသည်။ ကြိမ်လုပ်ငန်းပိုင်ရှင် ဦးခင်မောင်ထွန်းနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ ရေကြည်မြို့လေးသည် ကြိမ်အချောထည်ထုတ်လုပ်မှု လုပ်ငန်းတစ်ရပ်အနေဖြင့် ၁၉၇၀ပြည့်နှစ်မှ စတင်၍ အသက်မွေးဝမ်းကျောင်းပြုခဲ့ကြောင်း၊ ဒေသသုံး ပစ္စည်းမှ တစ်စတစ်စ တိုးမြှင့်ထုတ်လုပ်ကာ အနယ်နယ်အရပ်ရပ် မြို့များသို့ လှည့်လည်ရောင်းချခြင်းနှင့် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ တင်ပို့နိုင်ခဲ့ကြောင်းဆိုသည်။

ကြိမ်အချောထည်

မြန်မာနိုင်ငံတွင် ပေါက်ရောက်သော ကြိမ်များမှာ ရေကြိမ်၊ ကြိမ်နီ၊ ကြက်ဥကြိမ်၊ လက်မဲကြိမ်၊ လက်ပံကြိမ်၊ နွံကြိမ်နှင့် ကြိမ်ဝါးတို့ထွက်ရှိရာ ရေကြည်မြို့

နန်းစားစက်ကိရိယာဖြင့် ခွဲစိတ်

နန်းစားစက်ကိရိယာဖြင့် ကြိမ်ကို ဤသို့ခွဲစိတ်ရသည်။

ကြိမ်လုပ်ငန်းမှ ထုတ်လုပ်သည့် ကြိမ်အချောထည်ပစ္စည်းများသည် ကြိမ်နီကိုသာ အသုံးပြုလျက်ရှိသည်။

အရွယ်အစားအမျိုးမျိုး

ကြိမ်ထွက်ရှိရာ ဒေသဖြစ်သည့် မြစ်ကြီးနား၊ ရေဦး၊ ခန္တီး၊ တနင်္သာရီတိုင်း၊ ထားဝယ်ဒေသတို့မှ စုစည်း၍ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ ကြိမ်စက်ရုံများသို့ သယ်ဆောင်လျက် ခေတ်မီစက်ကိရိယာများဖြင့် ထုတ်လုပ်ပြီး ကြိမ်အူချောင်းနှင့် ကြိမ်နန်းမျှင်များကို ထုတ်လုပ်သည်။ ၎င်းတို့ကို ကြိမ်အချောထည်ပစ္စည်း ပြုလုပ်ရာတွင် ကုန်ကြမ်းအဖြစ်အသုံးပြုသည်။ ကြိမ်အရွယ် ပမာဏအားဖြင့် အလျား

ကြိမ်ထည်ပစ္စည်းများ အမျိုးမျိုးထုတ်လုပ်

ကြိမ်ထည်ပစ္စည်းများ အမျိုးမျိုး ထုတ်လုပ်နေသည်ကို ဤသို့တွေ့ခဲ့ရသည်။

၁၀ ပေနှင့် လုံးပတ် ၅ မီလီမီတာမှ ၁၃ မီလီမီတာအထိ အရွယ်အစား အမျိုးမျိုးထုတ်လုပ်သည်။

အဆင့်ဆင့်ခွဲစိတ်

စက်ကိရိယာဖြင့် မထုတ်လုပ်နိုင်သည့် တစ်နိုင်တစ်ပိုင် လုပ်သားများသည် မိမိတို့အစီအစဉ်ဖြင့်နန်းစား၊လက်ဆွဲဓား များဖြင့် အဆင့်ဆင့်ခွဲစိတ်ပြုလုပ်ကာ လုပ်ငန်းဆောင်ရွက်ကြသည်။

ထုတ်လုပ်သည့် အမျိုးအစားများမှာ ကြိမ်ပန်းကန်ပြား၊ ကြိမ်အပူခံပြား၊ ဗန်းပုံစံအမျိုးမျိုး၊ အိုးပုံစံအမျိုးမျိုး၊ အဝတ်ထည့် ခြင်းအမျိုးမျိုး၊ သေတ္တာမျိုးစုံ၊ပန်းခြင်းမျိုးစုံ၊ ကြိမ်ခြင်းလုံးမျိုးစုံ၊ ကြိမ်လက်ဆွဲခြင်း၊ သစ်သီးထည့်ခြင်း၊ စာထည့်ခြင်းမျိုးစုံ၊ ကြိမ်မီးစလောင်း၊ မီးဆိုင်း၊ ပုလင်းထည့်ခြင်းမျိုးစုံ၊ အဝိုင်းခြင်းမျိုးစုံတို့ ဖြစ်ကြသည်။

ကုန်သွယ်မှု

ရွှေအိုးကြီးကြိမ်နှင့် ဝါးလုပ်ငန်းမှ မန်နေဂျာ ဦးခင်ဆန်းက ရေကြည် ကြိမ်လုပ်ငန်း၏ ကုန်သွယ်မှုလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားရာတွင် ဈေးကွက်စီးပွားရေးစနစ်အရ ၁၉၉၂ခုနှစ်မှ စတင်၍ ကုမ္ပဏီများထူထောင်ကာ အိမ်နီးချင်းနိုင်ငံများသို့ လည်းကောင်း၊ အနောက်ဥရောပ နိုင်ငံများသို့တိုင် ဈေးကွက်များသို့ဖြန့်ဖြူးလျက်ရှိသည်။ ရန်ကုန်မြို့ရှိ ကြိမ်လုပ်ငန်းကုမ္ပဏီများဖြစ်သည့် ရွှေအိုးကြီးကုမ္ပဏီ၊ ဒီအိုင်စီကုမ္ပဏီ၊ ကေကေအေ ကုမ္ပဏီများမှ မှာယူသမျှကို တင်ပို့ပေးလျက်ရှိသည်။ ကုမ္ပဏီများသို့ ကြိမ်ထည်ပစ္စည်းများကို ပထမအဆင့် မူကြမ်းအဆင့် အနေအထားဖြင့် တင်ပို့သည်။

ထုပ်ပိုးပြင်ဆင်

ကုမ္ပဏီများမှ ၎င်းကြိမ်ထည်များကို ထပ်မံ၍ အမွေးအမျှင်သန့်စင်ခြင်း၊ ပိုးမွှားသန့်စင်ခြင်း၊ အရောင်တင်ခြင်း၊ အပူပေးအခြောက်ခံခြင်း၊ အပြီးသတ်အချောထည်အဆင့်သို့ ရောက်ရှိကာ ထုပ်ပိုးခြင်း၊ ပါကင်ပြုလုပ်၍ ကွန်တိန်နာထည့်သွင်းခြင်း၊ သယ်ပို့ခြင်းတို့ကို ဆောင်ရွက်ရပေသည်။

ကုမ္ပဏီများမှ တင်ပို့သည့် နိုင်ငံများမှာ ဥရောပနိုင်ငံများဖြစ်သည့် နယ်သာလန်၊ ပြင်သစ်၊ စပိန်၊ ဂျာမဏီ၊ ဒိန်းမတ်နိုင်ငံများ၊ အာဖရိကနိုင်ငံများနှင့် အရှေ့အာရှနိုင်ငံများ ဖြစ်ကြသည်။

လုပ်ငန်းရှင်နှင့်လုပ်သား

ရေကြည်မြို့နယ်သည် ကြိမ်လုပ်ငန်းရှင်ပေါင်း ၅၀ ရှိပြီး ကြိမ်လုပ်သားဦးရေ ၆၀၀၀ ခန့် ရှိပေသည်။ ကြိမ်ထည်အစ ရေကြည်က ဆိုသကဲ့သို့ ကြိမ်ထည်လုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ကြသည့်အပြင် လယ်ယာ စိုက်ပျိုးရေးလုပ်ငန်း၊ ကိုင်းလုပ်ငန်း၊ ဥယျာဉ်လုပ်ငန်းတို့ကိုလည်း အဓိကထား ဆောင်ရွက်လျက်ရှိကြသည်။

ကျေးရွာတစ်ရွာ၊ ကုန်ထုတ်လုပ်ငန်းတစ်ခု၊ နိုင်ငံအကျိုးပြု

ကြိမ်ဖြင့် ထုတ်လုပ်သည့် အိုးပုံစံကလည်း ဤသို့လက်ရာမြောက်လှသည်။

ကြိမ်ဖြင့် သစ်သီးထည့် ခြင်းထိုးနေသည်မှာလည်း လက်ရာမြောက်လှသည်။

အရှိန်အဟုန်မြင့်မား

ယနေ့ချိန်ခါသည် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ် ဆောင်ရွက်လျက် ရှိနေချိန်တွင် ရေကြည်မြို့၏ အရေးပါဆုံးဖြစ်သော ဝေန်မြစ်ကူးတံတား၏ ကျေးဇူးကြောင့် ရခိုင်ပြည်နယ်ဘက်သို့ ကူးလူးဆက်သွယ်သွားလာနိုင်သည်။ ဝေန်မြစ်ကူးတံတား၏ အရှည်မှာ ၁၁၆၅ ပေ ရှည်လျားသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုမှာ အရှိန်အဟုန်မြင့်မားလာမည်ဖြစ်သည်။

သာယာလှပ

ဧရာဝတီတိုင်း ရေကြည်မြို့သည်ပြန့်ပြူးပြီး တောင်ကုန်းလျှိုမြောင်းအလယ်တွင် တည်ရှိနေသည်။ မြောက်မှတောင်သို့ စီးဆင်းနေသည့် ဝေန်မြစ်အလျဉ်ကြောင့် ရေကြည်မြို့သည် သာယာလှပလျက်ရှိပါကြောင်း ကွင်းဆင်းလေ့လာရေးသားဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

အများဆုံးထုတ်လုပ်သည့် ကြိမ်ထည်ပစ္စည်းများ

ရေကြည်မြို့နယ်မှ အများဆုံး ထုတ်လုပ်သည့် ကြိမ်ထည်ပစ္စည်းများ။



မြန်မာနိုင်ငံသစ်တောကျောင်း ကျောင်းဆင်းပွဲကျင်းပ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၈

သစ်တောရေးရာဝန်ကြီးဌာန မြန်မာနိုင်ငံသစ်တောကျောင်း၏ (၁၀၁)ကြိမ်မြောက် ကျောင်းဆင်းပွဲစစ်ရေးပြ အခမ်းအနားကို ဖေဖော်ဝါရီ၂၆ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့ မြေတိုင်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ပြင်ဦးလွင် တပ်နယ်မှူး ဗိုလ်မှူးချုပ် ကျော်ဆွေနှင့် တပ်နယ်မှ အရာရှိကြီးများ၊ သစ်တောရေးရာ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြား ရေးမှူး၊ ပါမောက္ခချုပ်နှင့် အရာရှိကြီးများ၊ သင်တန်းသား များ၏ မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက ဘက်စုံအတော်ဆုံးကျောင်းသား ဆုရ ကျောင်းသားအမှတ်(၁၀၁)ဇော်ဝင်းထွေး၊ ဘက်စုံဒုတိယ အတော်ဆုံးကျောင်းသားဆုရ ကျောင်းသားအမှတ်(၁၈) ဇော်နိုင်မြတ်၊ အားကစား အတော်ဆုံးကျောင်းသားဆုရ ကျောင်းသားအမှတ်(၄၀)ဇော်မျိုးလွင်နှင့် စစ်ရေးပြ အကောင်း ဆုံးတပ်ခွဲဆုရတပ်ခွဲ အမှတ်(၂)တပ်ခွဲမှူးတို့အား ဆုများချီးမြှင့် သည်။

ချီတက်အလေးပြု

ထို့နောက် ဝန်ကြီးက သင်တန်းဆင်းမိန့်ခွန်း ပြော ကြားသည်။ ဆက်လက်၍ ဝန်ကြီးအား ကျောင်းဆင်း တပ်ခွဲများက အမြန်လျှောက်ခြင်းဖြင့် ချီတက်အလေးပြု ကြသည်။

ထို့နောက် ဝန်ကြီးသည် သစ်တောကျောင်းခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံသစ်တောကျောင်း(၁၀၁)ကြိမ်မြောက် ကျောင်းဆင်း အောင်လက်မှတ်ချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ဆုပေးအပ်ချီးမြှင့်

ရှေးဦးစွာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က အမှာစကားပြောကြားသည်။ ထို့နောက် သစ်တောရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပါမောက္ခချုပ်၊ ဒုတိယ ညွှန်ကြား ရေးမှူးချုပ်တို့က ထူးချွန်ဆုရ ကျောင်းသားများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းလက်မှတ်ချီးမြှင့်

ထို့နောက် အလှူငွေများကို မြန်မာနိုင်ငံသစ်လုပ်ငန်းရှင် များအသင်း ကိုယ်စားဥက္ကဋ္ဌဦးစိန်လွင်၊ သစ်လုပ်ငန်းရှင် များကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်း၊ သစ်လုပ်ငန်းရှင် ဦးမောင်မောင်မြင့်တို့က ပေးအပ်ကြရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က လက်ခံယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ယင်းနောက် မြန်မာနိုင်ငံသစ်တော ကျောင်း ကျောင်းအုပ်ကြီးက သင်တန်း ဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

မိခင်ကြီးဒေါ်တင်လှ၊ ဒေါ်ခင်စောတို့အားအမှူးထား၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် စမ်းရေတွင်းလမ်းအမှတ်(၆/၈)နေ ဦးကံမြင့်(မလိခပွဲရုံ၊ ဘုရင့်နောင်)–ဒေါ်ခင်လှမြင့်၊ သား မောင်မျိုးသူရ၊ မောင်မြတ်သူ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းတစ်သောင်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တပညာသီရိလင်္ကာရထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူးဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ကိုးဘွဲ့ရဆရာတော် မတ်လဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရ ဓမ္မကထိက ဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်မြတ်သည် မတ်၁ရက်တွင် ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက် ဝိနည်းစာတော်ပြန်ပွဲ၊ ၂ရက်နံနက်၇နာရီတွင် ကိုးဘွဲ့ရ သိက္ခာထပ်ပွဲနှင့် ည၈နာရီတွင် ဖျာပုံမြို့ သီရိမင်္ဂလာကံဦးကျောင်းတိုက်အနီး ရာမဇာတ်ရုံတော် ဘုရားထီးတင် ရွှေသင်္ကန်းကပ်လှူပွဲ၊ ၃ရက် ည၇နာရီတွင် ဗဟန်းမြို့နယ် ဆရာစံတောင် ရပ်ကွက် မဟာမြင်းမိုရ်လမ်း မလွန် ဆန်လှူပွဲနှင့် ည၈နာရီတွင် ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းမိသားစု ထေရဝါဒအထူးပွဲ၊ ၄ရက် ည၇နာရီတွင် အင်းစိန်မြို့ ရတနာဇောတိစာသင်တိုက် ဝိရလူငယ်ဆွမ်းလောင်းအသင်း ဆည်း ဆာပွဲနှင့် အင်းစိန်မြို့နယ် အမှတ်(၃)ရပ်ကွက် အောင်သိဒ္ဓိကျောင်းတိုက်ဘုရားပွဲ၊ ၅ရက် ညနေ၄နာရီတွင် ကလေးအထူးတရားပွဲနှင့် ည၈နာရီတွင် ကျိုက်လတ်မြို့ တိလောက ရောင်တော်ဖွင့် လူငယ်အဖွဲ့ အထူးတရားပွဲ၊ ၆ရက်တွင် လှိုင်မြို့နယ် (၁၀)ရပ်ကွက် ကိုးတွင်းကျောင်းတိုက်အထူးပွဲ၊ ၇ ရက်တွင် ပဲခူးတိုင်း သနပ်ပင်မြို့နယ် ထပ်ခနိမ်ကျေးရွာ ဦးအေးသိန်း–ဒေါ်ရီရီမြင့်တို့၏ သိမ်၊ ကျောင်း ရေစက်ချပွဲ၊ ၈ရက်တွင် သန်လျင်မြို့နယ် နတ်စင်တစ်ရာအနီး ကွမ်းခြံကုန်းကျေးရွာ ကလေးအထူးတရားပွဲနှင့် ည၈နာရီ ဓမ္မဒါနပွဲ၊ ၉ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)(၄)ရပ်ကွက် ဗိုလ်ဗထူး လမ်းမြခန်းတောင်စာသင်တိုက်အထူးပွဲ၊ ၁၀ရက် နံနက်၈နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) (၇)ရပ်ကွက် အေးမြချမ်းသာ မဟာစည်သာသနာ့ရိပ်သာ ကိုးဘွဲ့ရ သိက္ခာထပ်ပွဲနှင့် ည၈ နာရီတွင် ခရမ်းမြို့ သကျမာရဇိန် သွန်းဘုရား ကြီးအထူးပွဲတို့၌ တရားတော်များ ဟောကြားတော်မူမည် ဖြစ်သည်။ **(က–ပ)**

ကျောက်ဂူစံပြကျေးရွာ ပညာရေး၊ ကျန်းမာရေး၊ ဘာသာ သာသနာ ထွန်းကား ပြည်သူများ၏ နှစ်ရှည်သီးနှံစိုက်ခင်းများက တစ်မျှော်တစ်ခေါ် ဝမ်းစာဖူလုံပြီး စီးပွားရေးလုပ်ငန်းများ တိုးတက်မှုအရှိန်အဟုန် ရနေပြီ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း) အင်တော်မြို့ရှိ ကျောက်ဂူစံပြကျေးရွာသို့ ယခင်က သွားလာမှုခက်ခဲသော်လည်း ယခုအခါ တောင်ကြီးမြို့နယ် ရွှေညောင်မှ ရပ်စောက်မြို့နယ် အင်တော်မြို့ ကျောက်ဂူကျေးရွာများသို့ အလွယ်တကူ သွားလာနိုင်သည့်ပြင် ဒုဋ္ဌဝတီတံတား(နောင်ချို)ကို ဖြတ်ကူးနိုင်သည့် လမ်းတံတားများ ဖောက်လုပ်ခဲ့ပြီးဖြစ်ရာ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ (မြောက်ပိုင်း)သို့ နေ့ချင်းသွားလာနိုင်၍ အချိန်မရွေး၊ ရာသီမရွေး သွားလာနိုင်ပြီဖြစ်သည်။

ဖြုန်းကျောက်ချောလမ်းဖွင့်

ကျောက်ဂူ စံပြကျေးရွာသည် မြို့ပြ နှင့်မခြားတိုးတက်လျက်ရှိရာ ကျောက်ဂူ စံပြကျေးရွာရှိ အမှတ်(၅) ရပ်ကွက် အတွင်း ဖြုန်းကျောက်ချော လမ်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ရက်က လမ်းမှခ်ဦး၌ ကျင်းပသည်။

ထို့နောက် ကျောက်ဂူစံပြကျေးရွာ ပါဝယ်တောင်စေတီတော်အနီးရှိဥတ္တရာရုံကျောင်း ဆရာတော် ဦးနန္ဒိသေနနှင့် ကျောက်ဂူကျေးရွာမှ အလှူရှင်ဦးစိုးလွင်၊ ဒေါ်ကြင်နုတို့က ငွေကျပ်သိန်း ၆၀ မတည်လှူဒါန်းထားပြီး ရပ်မိရပ်ဖ အလှူရှင်များ စုပေါင်းပါဝင်၍ ငွေကျပ်သိန်း၁၅၀ကျော် အကုန်အကျခံလှူဒါန်း တည်ဆောက်ပြီးစီးထားသည့် မဟာမြတ်မုနိ ဘုရားကြီးဓမ္မာရုံကို လှူဒါန်းသည့် ရေစက်ချတရားပွဲ အခမ်းအနား ကျင်းပခဲ့သည်။

စုပေါင်းကန်တော့

ဆက်လက်၍ ယင်းဘုရားကြီး ဓမ္မာရုံ၌ ကျောက်ဂူ စံပြကျေးရွာရှိ သက်ကြီးအဖိုး၊ အဖွား ၂၂ဦး တို့အား အာဟာရနှင့် ဆေးဝါးများဖြင့် စုပေါင်း ကန်တော့ကြသည်။ ထို့ပြင် ကျောက်ဂူ စံပြကျေးရွာအခြေခံပညာ အထက်တန်း ကျောင်း၌ ကျောင်းအုတ်တံတိုင်းနှင့် ပညာရေး၊ ကျန်းမာရေးအလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပသည်။

စာအုပ်နှင့်အလှူငွေပေး

ထို့နောက် ကျောက်ဂူစံပြကျေးရွာရှိ ရတနာရွှေဂူစာကြည့်တိုက်၌ စာအုပ်နှင့်အလှူငွေပေးအပ်လှူဒါန်းပွဲကို ကျင်းပခဲ့သည်။ ဆက်လက်၍ ကျောက်ဂူကျေးရွာ မူလတန်းကြိုကျောင်းရှိ မူကြိုကလေးငယ်များအား အင်တော်မြို့ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ဝတ်စုံ၁၈စုံကို ပေးအပ်လှူဒါန်းသည်။

ဖြစ်ထွန်းအောင်မြင်

ကျောက်ဂူစံပြ ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံလုပ်ကိုင်ကြသည့် အပြင်ခြံစည်းရိုးကြက်ဆူပင်များဖြစ်ထွန်း အောင်မြင်သည့် ဒေသဖြစ်၍ ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း စိုက်ခင်း၌ ကြက်ဆူပင် စုပေါင်း စိုက်ပျိုးပွဲ ကျင်းပပြီး စံပြစိုက်ခင်း၌ မြေသြဇာကျွေး၍ ရေလောင်းကြသည်။

တက်ညီလက်ညီပါဝင်

ကျောက်ဂူစံပြကျေးရွာသည်ဒေသခံ ပြည်သူတို့၏ စည်းရုံးညီညွတ်မှုကြောင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်းဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအဖြစ် တက်ညီ လက်ညီပါဝင်လျက် ရှိကြသည်။

ထို့ကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အင်တော်မြို့ ကျောက်ဂူစံပြ ကျေးရွာသည် ပညာရေး၊ ကျန်းမာရေး ဘာသာ သာသနာထွန်းကား ဖွံ့ဖြိုးနေ

ရှမ်းပြည်နယ်(တောင်ပိုင်း) အင်တော်မြို့နယ်ရှိ ကျောက်ဂူစံပြကျေးရွာတွင် သက်ကြီးအဘိုး၊ အဘွားများအား လူမှုရေးအသင်း အဖွဲ့များက အာဟာရနှင့် ဆေးဝါးများ စုပေါင်းကန်တော့ကြစဉ်။ (သတင်းစဉ်)

ကြောင်းတွေ့ရှိရသည့်ပြင် ရပ်စောက်မြို့မှ အင်တော်မြို့သို့ သွားသည့် လမ်းတစ်လျှောက်ရှိ ၁၈မိုင် သစ်တောစခန်းမှ ကျော်လွန်ပါက ဇော်ဂျီရေလှောင်တမံကို တွေ့မြင်ရသည်။ ယင်းဇော်ဂျီ ရေလှောင်တမံ ရေအားလျှပ်စစ်စီမံကိန်းသည် ၁၉၉၈ ခုနှစ်ကပင် စိုက်ပျိုးသီးနှံ ရေပေးဝေရေးနှင့် ရေအားလျှပ်စစ် ထုတ်လုပ်ဖြန့်ဖြူးရေး၊ မိတ္ထီလာခရိုင် စိမ်းလန်းစိုပြည်ရေး အကျိုးပြုရန်အတွက် တည်ဆောက်ခဲ့သည်။

စိုက်ခင်းများတစ်မျှော်တစ်ခေါ်

အင်တော်မြို့မှ ကျောက်ဂူစံပြကျေးရွာသို့သွားသည့်လမ်းတစ်လျှောက်ရှိ မြေလွတ်မြေရိုင်းများကို ဖော်ထုတ်၍ လုပ်ငန်းရှင်ကြီးများနှင့် ဒေသခံပြည်သူတို့၏နှစ်ရှည်သီးနှံစိုက်ခင်းများကိုလည်း တစ်မျှော်တစ်ခေါ် တွေ့မြင်နိုင်သည်။

တိုးချဲ့အကောင်အထည်ဖော်

ထို့ကြောင့် ကျောက်ဂူကျေးရွာ အုပ်စုအနီးရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူတို့သည် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိသကဲ့သို့ စိုက်ပျိုးနည်းပညာများရရှိကာ စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ အကောင်အထည်ဖော်နေပြီဖြစ်သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ စံပြကျေးရွာများသည် လျှပ်စစ်မီး၊ ဆက်သွယ်ရေး၊ စည်ပင်သာယာရေး၊ သောက်သုံးရေရရှိရေး စသည့် ဘက်စုံ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ ကျောက်ဂူစံပြကျေးရွာသည်လည်း လျှပ်စစ်မီးလင်းလျက်ရှိပြီး အင်တော်မြို့နယ်သည်လည်း ဇော်ဂျီ ရေအားလျှပ်စစ်စက်ရုံမှ တစ်ဆင့် လျှပ်စစ်မီး ရရှိနေကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ကျေးရွာတိုင်း လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ပြီဖြစ်သည်။ ထို့အတူ ကျောက်ဂူစံပြကျေးရွာရှိ စည်ပင်သာယာဈေးသည်လည်း ဒေသထွက်ကုန် ပစ္စည်းများကို ရောင်းဝယ်ဖောက်ကားလျက်ရှိရာ ပတ်ဝန်းကျင်ကျေးရွာများက နွားလှည်း၊ မော်တော်ယာဉ်စသည်တို့ဖြင့် လာရောက်ရောင်းချဝယ်ယူကြကြောင်း တွေ့ရှိရသည်။

ထို့ပြင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ စာတိုက်ကြေးနန်းရုံများ ထားရှိသည့်အပြင် အများသုံးတယ်လီဖုန်းကိုလည်း တိုင်းရင်းသား ပြည်သူလူထုက အလွယ်တကူ အသုံးပြုနေပြီဖြစ်သည်။ ကျောက်ဂူ ကျေးရွာ၌ ဆိုင်ကယ်ပြင်ဆိုင်၊ ဆန်စက်၊ ဆီစက်၊ ပဲခွဲစက် စသည့် တစ်ပိုင်တစ်နိုင် စက်မှုလုပ်ငန်းများလည်း ရှိသည့်ပြင် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် လူမှုရေးအသင်းအဖွဲ့ရုံးများလည်း ဖွင့်လှစ်ဆောင်ရွက်ထားရှိကြောင်း တွေ့ရှိရသည်။

ကျေးရွာရှိ သောက်သုံးရေရရှိရေးအတွက် ရေထွက်များမှ တစ်ဆင့် ရေလှောင်ကန်များထားရှိပေးသည့်အပြင် နေအိမ်တိုင်း၌ ရေတွင်းများတူးဖော်အသုံးပြုလျက်ရှိသည်။ စိုက်ပျိုးရေးရရှိရေးအတွက် အလွန်လွယ်ကူကောင်းမွန်သည့် ဒေသတစ်ခုဖြစ်၍ ဒေသခံတောင်သူတို့၏ စိုက်ခင်းများအတွက် ရေထွက်များမှ တစ်ဆင့် ရေလှောင်ကန်များသို့ စနစ်တကျရေသွယ်တန်းပြီး စိုက်ခင်းများသို့ ရေပေးဝေလျက်ရှိသည်။

သို့ဖြစ်ရာ ရှမ်းပြည်နယ်(တောင်ပိုင်း) အင်တောဒေသသည် စိုက်ပျိုးရေးကို အခြေခံသော စီးပွားရေး ဖြစ်ထွန်းအောင်မြင်နေမှုသည် ဒေသခံတိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စံနမူနာရယူကာ ကြိုးပမ်းဆောင်ရွက်နေကြသဖြင့် ဝမ်းစာဖူလုံပိုလျှံလျက်ရှိသည့်အပြင် စီးပွားရေးလုပ်ငန်းများ အောင်မြင် တိုးတက်မှု အရှိန်အဟုန်များ ရရှိနေပြီဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(တောင်ပိုင်း) အင်တော်မြို့နယ်ရှိ ကျောက်ဂူစံပြကျေးရွာတွင် တိုက်နယ်ဆရာဝန် ဒေါက်တာသိန်းအောင်က ကျန်းမာရေးဆေးစစ်ကုသပေးစဉ်။ (သတင်းစဉ်)

● ကျောဖုံးမှ

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က သင်တန်းဆင်း အမှာစကားပြောကြားရာတွင် ဆရာ ဆရာမတို့အနေနှင့် ယခုသင်တန်းကာလတစ်လျှောက်တွင် နိုင်ငံတော်၏ ပကတိအခြေအနေမှန်များနှင့်တကွ တစ်မျိုးသားလုံး၏ အနာဂတ်အတွက် နိုင်ငံတော်အစိုးရ၏ အားထုတ်ကြိုးပမ်းဆောင်ရွက်နေမှုများကို ဆန်းစစ်လေ့လာနိုင်ခဲ့ကြပြီးဖြစ်ကြောင်း၊ ယင်းသို့ လေ့လာဆန်းစစ် သိမြင်လာကြသည်နှင့်အမျှ ဆရာ ဆရာမများ၏ သတိသမ္ပဇဉ်မှာ နိုင်ငံသူ နိုင်ငံသားတစ်ယောက်အနေနှင့် ဦးထမ်းပဲ့ထမ်း ဝိုင်းဝန်းထမ်းရွက်ပေးကြရမည့် အမျိုးသားရေးတာဝန်များသည် ပြက်ပြက်ထင်ထင် ပေါ်လွင်လာခဲ့ပြီးဖြစ်မည်ဟု ယုံကြည်ထားကြောင်း။

အမျိုးသားရေးအသိ

ရှိရင်းစွဲ အမျိုးသားရေးအသိအမြင်နှင့် တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်တို့ နိုးကြားရှင်သန်လာမှုနှင့်အတူ မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွားကို အမျိုးသားရေးအသိနှင့်ယှဉ်ပြီး စောင့်ရှောက်မြှင့်တင်ပေးလိုသည့် စိတ်ဓာတ်နှင့် စွမ်းအားများလည်း ပိုမိုထက်သန်လာမှာ မလွဲဘူးဟု ယုံကြည်မိကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို အတိတ်သမိုင်း၏ ဆိုးမွေတွေဖြစ်သည့် မညီညွတ် မမျှတမှုများ၊ အယူဝါဒရေး၊ တစ်ယူသန်လူမျိုးရေး၊ ပုဂ္ဂိုလ်ရေးဘက်ပြိုင် ဆန့်ကျင်မှုများ၊ လက်နက်ကိုင် ပဋိပက္ခများ၊ ဆူပူသောင်းကျန်းမှု၊ မတည်ငြိမ် မအေးချမ်းမှု အနိဋ္ဌာရုံများ ကင်းစင်ပြီး ကြည်လင်သန့်စင်သည့် အနာဂတ်ကို ထာဝရပိုင်ဆိုင်နိုင်စေရအောင် ကြိုးပမ်းဆောင်ရွက်နေကြောင်း။

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အမျိုးသမီးတပ်ခွဲ သဇင်ဆောင် နှစ်ထပ်အိပ်ဆောင်သစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

အားထုတ်ကြိုးပမ်း

ယင်းသို့ ကြိုးပမ်းဆောင်ရွက်ရာမှာ လောကဓမ္မတာအလျောက် ရင်ဆိုင်ကြုံတွေ့ရသည့် အခက်အခဲများကိုရော၊ စေတနာဆိုးနှင့် ဖန်တီးနေကြသည့် အဖျက်အမှောင့် အနှောင့်အယှက်အမျိုးမျိုးကိုပါ ကြံ့ကြံ့ခိုင်ရင်ဆိုင်ရင်း အမျိုးသားရေးကိုသာ ရှေးရှုသည့် သန္နိဋ္ဌာန်စိတ်ဓာတ်သက်သက်ဖြင့် အားထုတ်ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

အမျိုးသားရေးအတွက် ဖြူစင်မှန်ကန်မွန်မြတ်သည့် စေတနာနှင့် မဆုတ်မနစ် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့သည်နှင့်အမျှ ပြည်သူအများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ ဖြစ်ထွန်းလာခဲ့ပြီး နိုင်ငံတော်သည်လည်း မပြည့်မစုံဘဝကနေ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာနေသည့် ယနေ့အခြေအနေ အချိန်အခါကို တစ်စတစ်စ တက်လှမ်းရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့အချိန်အခါသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍစုံမှာ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာများ ခေတ်နှင့်အညီ တိုးတက်ဖြစ်ထွန်းပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ပညာရပ်ဆိုင်ရာစွမ်းအားနှင့် တစ်ရှိန်ထိုး မြှင့်တင်နိုင်စေရအောင်၊ တစ်နည်းအားဖြင့် ဖွံ့ဖြိုးမှု take-off ဖြစ်စေရအောင် ကြိုးပမ်းဆောင်ရွက်ကြရမည့် အချိန်အခါကောင်းကို ရောက်ရှိနေပြီဖြစ်ကြောင်း။

ပြုစုပျိုးထောင်

ယင်းသို့ အခြေအနေ အချိန်အခါမျိုးမှာ ဝိဇ္ဇာ သိပ္ပံပညာရှင်များ၊ ဆေးသိပ္ပံပညာရှင်များ၊ ဆရာဝန်များ၊ အင်ဂျင်နီယာများ၊ ဗိသုကာပညာရှင်များ၊ ကွန်ပျူတာ ပညာရှင်များ၊ ရေကြောင်း၊ လေကြောင်းနှင့် အာကာသဆိုင်ရာပညာရှင်များ၊ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ ပညာရှင်များစသည့် အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များ နယ်ပယ်ကဏ္ဍစုံတွင် အင်နှင့်အားနှင့် ပြုစုပျိုးထောင်မွေးထုတ်ထားနိုင်ရန် အလွန်ပင်အရေးကြီးကြောင်း။

သိပ္ပံနှင့် နည်းပညာရပ်များ ခေတ်နှင့်လျော်ညီစွာ တိုးတက်ထွန်းကားမှု၊ အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပြည့်စုံလုံလောက်မှု စွမ်းအားများကသာလျှင် အမျိုးသားစီးပွားရေး ခွန်အားတိုးတက်ခိုင်မာပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရအောင် စွမ်းဆောင်ပေးနိုင်မှာဖြစ်ကြောင်း။

လွှမ်းမိုးအကျပ်ကိုင်

ယနေ့အချိန်အခါတွင် ခွန်အား၊ နည်းပညာစွမ်းအား မြင့်မားသာလွန်သည့် နိုင်ငံကြီးအချို့သည် ခွန်အားကွာခြားမှု၊ နည်းပညာကွာဟမှုတို့ကို အသာစီးယူပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် မလျော်ဩဇာသုံး လွှမ်းမိုးအကျပ်ကိုင်မှုများ လုပ်ဆောင်လျက်ရှိနေကြောင်း၊ ထို့ကြောင့် ဖိအားပေးအကျပ်ကိုင်မှုတို့ကို ရင်ဆိုင်တွန်းလှန်နိုင်မည့် အမျိုးသား ခွန်အား ပြည့်စုံကြွယ်ဝမှု၊ နည်းပညာစွမ်းအားပြည့်ဝခိုင်မာမှုတို့ကို အမျိုးသားပညာရည်မြင့်မားမှု စွမ်းအားဖြင့် ဖော်ဆောင်ပေးနိုင်ဖို့ဆိုသည့် ပညာရေးကဏ္ဍ၏ တာဝန်သည် တိုင်းတစ်ပါး စွက်ဖက်ခြယ်လှယ် ဩဇာလွှမ်းမိုးမှုလောင်းရိပ်က လွတ်ကင်းရေးဆိုသည့် အမျိုးသားရေး အဓိပ္ပာယ်ကို ဆောင်နေပြီဖြစ်ကြောင်း။

ယင်းသို့ အခြေအနေအချိန်အခါမျိုးတွင် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် သာမန်ကြိုးပမ်းအားထုတ်မှုမျှဖြင့် မလုံလောက်နိုင်ဘဲ ပညာရေးကို အမျိုးသားရေးအမြင်နှင့် ယှဉ်တွဲမြှင့်တင်ပေးနိုင်မှသာ မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားအောင်၊ အမျိုးသား ခွန်အား ပြည့်ဝခိုင်မာအောင် စွမ်းဆောင်ပေးနိုင်မည့်အပြင် တိုင်းတစ်ပါးက ဩဇာပေးစွက်ဖက်ခြယ်လှယ်မှု၊ ဖိအားပေး အကျပ်ကိုင်မှုများကို ရင်ဆိုင်တွန်းလှန်နိုင်သည့် စွမ်းရည်ရော စိတ်ဓာတ်နှင့်ပါ ပြည့်စုံသည့် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာမှာဖြစ်ကြောင်း။

ဖြန့်ကြက်လွှမ်းခြုံ

ထို့ကြောင့် **နိုင်ငံတော်အစိုးရအနေဖြင့် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ နယ်ပယ်ကဏ္ဍစုံ၊ နေရာဒေသစုံမှာ အင်အားကြီးမား ကျယ်ပြန့်ခိုင်ခံ့စွာ ဖြစ်ထွန်းလာစေရန်ရည်မှန်းပြီး အခြေခံပညာသင်ယူခွင့် အခွင့်အလမ်းများကို ကျေးလက်အထိရောက်အောင်၊ အဆင့်မြင့်ပညာသင်ယူခွင့် အခွင့်အလမ်းများကို ပြည်နယ်၊ တိုင်းအသီးသီး၏ အချက်အချာဒေသများအထိ ရောက်အောင် စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များကို စနစ်တကျ ဖြန့်ကြက်လွှမ်းခြုံ ဖွင့်လှစ်ပေးနေခြင်းပင်ဖြစ်ကြောင်း။**

ပေါ်ထွန်းလာသည့် စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များမှာ နယ်မြေဒေသမရွေး ပညာရည် အရည်အသွေးညီညွတ်မျှတစေရေးအတွက်လည်း Multi-media Classroom များ၊ e-Learning Centre များ၊ ခေတ်မီဓာတ်ခွဲခန်းများ၊ လက်တွေ့ခန်းနှင့် အလုပ်ရုံများကို ဆိုင်ရာဆိုင်ရာအဆင့်များနှင့်လျော်ညီစွာ ဖြန့်ကြက် ထူထောင်ပေးထားပြီးဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး လွှမ်းခြုံသည့် အဆင့်မြင့်နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများအနေနှင့် Data-broadcasting System နှင့် Computer Network များကိုလည်း ဖန်တီးပေးထားပြီးဖြစ်ကြောင်း။

ဟန်ချက်ညီညီ

တစ်ဖက်မှာလည်း နိုင်ငံတကာမှာ တိုးတက်ဖြစ်ထွန်းနေသည့် သိပ္ပံနှင့် နည်းပညာရပ်များနှင့် လိုက်လျောညီထွေစွာ တက္ကသိုလ် ကောလိပ်အသီးသီးမှာ ပညာရပ်မျိုးကွဲများ၊ ပေါင်းစပ်ဘာသာရပ်များ တိုးချဲ့ဖွင့်လှစ်ပေးထားပြီး အဆင့်မြင့် သုတေသနလုပ်ငန်းများကို အားပေးဆောင်ရွက်နေသကဲ့သို့ ပညာရပ်အလိုက် တက္ကသိုလ်အသီးသီးကိုလည်း တိုးချဲ့ထူထောင်ပေးထားပြီးဖြစ်ကြောင်း၊ တစ်နည်းပြောရလျှင် အဆင့်မြင့်ပညာကဏ္ဍ၏ **'အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာ'** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပညာရပ်ဆိုင်ရာ Diversification and Specialization ကို ညီညွတ်မျှတစွာ ဟန်ချက်ညီညီ ဖော်ဆောင်သွားနိုင်မည့် အခြေခံအဆောက်အအုံများ၊ ပညာရေးပတ်ဝန်းကျင်ကောင်းများကို စနစ်တကျ ဖန်တီးပေးထားခြင်းပင်ဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် နိုင်ငံတော်အစိုးရက စီမံဖန်တီးပေးထားသည့် ပညာရေးဆိုင်ရာအခြေခံအဆောက်အအုံများ၊ ပညာရေးပတ်ဝန်းကျင်ကောင်းများကို ပညာရည်တိုးတက်ဖွံ့ဖြိုးရေးအတွက် အကျိုးရှိ ထိရောက်စွာ အစွမ်းကုန်အသုံးပြုသွားကြရန်၊ ယင်းသို့အသုံးပြုနိုင်သည့် အခွင့်အလမ်းများ တိုးချဲ့ဖန်တီးပေးရန်လိုအပ်သည့် Facilities များ တိုးပွားလာအောင် စီမံဆောင်ရွက်ကြရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

ပညာရပ်ဆိုင်ရာ နယ်ပယ်ကဏ္ဍစုံလင်အောင် လုပ်ရင်း ပညာရပ်နယ်ပယ်စုံမှာ ပညာရှင်များ တိုးပွားဖြစ်ထွန်းလာအောင်၊ Intensive Learning အနေဖြင့် သုတေသနလုပ်ငန်းများတိုးပွားလာအောင် တက္ကသိုလ် ကောလိပ်များအလိုက် ရေတိုရေရှည်စီမံချက်များ ချမှတ်ပြီး ဆောင်ရွက်ကြရဦးမှာဖြစ်ကြောင်း။

လူ့စွမ်းအားအရင်းအမြစ်

တက္ကသိုလ် ကောလိပ်တိုင်းသည် ဆိုင်ရာဆိုင်ရာကဏ္ဍများအလိုက် ပိုမိုမြင့်မားသည့်ပညာကို လေ့လာနေသည့် ကြီးမားကျယ်ပြန့်ပြီး အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ် အစုအဝေးစွမ်းအားစုကြီးအဖြစ် ဖြစ်ထွန်းနေစေရန်လိုကြောင်း၊ ထို့အတွက် ပညာရေးနယ်ပယ်နှင့် လူ့ဘောင်အဖွဲ့အစည်း ဆက်စပ်ပေးရမှာဖြစ်သကဲ့သို့ ပညာရေးနယ်ပယ်အချင်းချင်း၊ တက္ကသိုလ်ကောလိပ်အချင်းချင်း ကွန်ရက်သဖွယ်ချိတ်ဆက်ပြီး အစဉ်ထာဝရ သက်ဝင်လှုပ်ရှားနေသည့် ပညာမျှဝေ ပြန့်ပွားမှုဖြစ်စဉ်တစ်ရပ် ပီပီပြင်ပြင်ဖြစ်ထွန်းနေစေရအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း။

နိုင်ငံတော်ကချမှတ်ထားသည့် အမျိုးသားပညာရည်မြင့်မားရေး နှစ်တိုနှစ်ရှည်စီမံကိန်းများနှင့် လိုက်လျောညီထွေဖြစ်သည့်အပြင် ယင်းပင်မစီမံကိန်း ရည်မှန်းချက်များကို အထောက်အကူဖြစ်စေမည့် စီမံကိန်းများ၊ လုပ်ငန်းစီမံချက်များကို ပညာရပ်ဆိုင်ရာအလိုက်၊ တက္ကသိုလ် ကောလိပ်အလိုက် ဆင့်ပွားချမှတ်ပြီး စနစ်တကျ ကြိုးပမ်းဆောင်ရွက်ကြပါမှ နိုင်ငံတော်၏ မြင့်မားသည့် ပညာရေးဆိုင်ရာ မျှော်မှန်းချက်များ အောင်မြင် အကောင်အထည်ပေါ် ဖြစ်ထွန်းလာမှာဖြစ်ကြောင်း။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သင်တန်းသူ စံပြဆုရ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှ လက်ထောက်ကထိက ဒေါ်စိမ်းလဲ့အေးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

လေ့လာသင်ယူမှုစွမ်းရည်

ယနေ့အချိန်အခါသည် ပညာသည် ပညာအတွက် Education for Education's sake ဆိုသည့် ခေတ်ကို ကျော်လွန်လာခဲ့ပြီဖြစ်သည့်အလျောက် ပညာသည် နိုင်ငံသူ နိုင်ငံသားများ၏ လေ့လာသင်ယူမှုစွမ်းရည်ကို မြှင့်တင်ပေးနိုင်မည့်၊ အထောက်အပံ့ပေးနိုင်မည့် စွမ်းအား၊ လူ့ဘောင်အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြံဆောင်ပေးနိုင်မည့်၊ ဖန်တီးပေးနိုင်မည့် စွမ်းအားဖြစ်စေရမည်ဆိုသည့် ခံယူချက်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည့် အချိန်အခါကို ရောက်ရှိနေပြီဖြစ်ကြောင်း။

ပညာသည် နိုင်ငံသူ နိုင်ငံသားအားလုံးနှင့် အကျုံးဝင်နေပြီဖြစ်သည့်အတွက် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး၊ အသိအမြင် ဗဟုသုတနှင့် တွေးခေါ်မြော်မြင်မှုစွမ်းအား မြင့်မားရေးတို့အတွက် စွမ်းဆောင်ပေးရမည့် တာဝန်ပါရှိလာခဲ့ပြီဖြစ်ကြောင်း။

ထို့ကြောင့် ပညာသည် လူပုဂ္ဂိုလ်တစ်ဦးချင်း၏ တိုးတက်ကြီးပွားရေးအတွက်သာမက လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေး၊ မိမိတက္ကသိုလ် ကောလိပ်တည်ရှိရာဒေသမှသည် တစ်နိုင်ငံလုံး တိုးတက်ကြီးပွားရေးအတွက်ပါ ကြံဆောင်ဖန်တီး ပံ့ပိုးပေးနိုင်ရန်လိုအပ်လာပြီဖြစ်ကြောင်း။

မြှင့်တင်စွမ်းဆောင်

ထို့အပြင် နိုင်ငံတော်အတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ လူမှုရေးညီညွတ်မျှတမှု၊ စီးပွားရေးတိုးတက်ဖြစ်ထွန်းမှု၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှု၊ နိုင်ငံတော်စီမံခန့်ခွဲရေးယန္တရားပြေပြစ်ချောမွေ့မှု၊ နိုင်ငံသူနိုင်ငံသားများ၏ လူနေမှုဘဝအဆင့်အတန်းမြင့်မားမှု အခြေခံကောင်းများဖြစ်ထွန်းနေစေရအောင် ပညာရေးစွမ်းအားဖြင့် မြှင့်တင်စွမ်းဆောင်ပေးနိုင်စေရမှာဖြစ်ကြောင်း။

တစ်ဆက်တည်းမှာပင် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်း မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် လူမှုတန်ဖိုးများ၊ လူမှုရေးကျင့်ဝတ်နှင့် တာဝန်ဝတ္တရားများ၊ စာရိတ္တနှင့် ကိုယ်ကျင့်တရားဆိုင်ရာတန်ဖိုးများ၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးသားရေးဂုဏ်သိက္ခာထိန်းသိမ်းမြှင့်တင်မှု အလေ့အကျင့်ကောင်းများ ထွန်းကားပြန့်ပွားနေစေရအောင် ပညာရေးကဏ္ဍကတစ်ဆင့် ဖန်တီးဖော်ဆောင်ပေးကြရမှာဖြစ်ကြောင်း။

တည်ငြိမ်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ရုပ်လုံးပေါ်ဖြစ်ထွန်းစပြုနေပြီဖြစ်သည့် ယနေ့အချိန်အခါသမယမှာ မျိုးဆက်သစ်လူငယ်များကို နိုင်ငံတော်သစ်နှင့် ထိုက်တန်သည့် နိုင်ငံကြီးသား အရည်အသွေးများ၊ လူမှုကျင့်ဝတ်စည်းကမ်းနှင့် နိုင်ငံတော်၏ တရားဥပဒေကို ရိုသေလေးစားလိုက်နာတတ်သည့် အလေ့အကျင့်ကောင်းများ၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အခြေခံကောင်းများနှင့် ပြည့်စုံသည့် ပညာရည်မြင့်မားသော နိုင်ငံသူ နိုင်ငံသားများဖြစ်လာစေရအောင် ယခုကပင် လေ့ကျင့်ပုံဖော်ပေးကြပါဟု တစ်ဆက်တည်း ပြောကြားလိုကြောင်း။

လူမှုရေးတာဝန်

နိုင်ငံတော်မှာ ယနေ့လိုအပ်နေသည့် လူငယ်များသည် အနာဂတ်အတွက် မျှော်လင့်ချက်များနှင့် ပြည့်လျှမ်းတက်ကြွနေသည့် လူငယ်များ၊ အပြုသဘောရှုမြင်တတ်ပြီး ပြည်သူ့အကျိုးကို လိုလားစောင့်ရှောက်တတ်သည့် လူငယ်များ၊ လူမှုကျင့်ဝတ်စောင့်သိပြီး လူမှုရေးတာဝန်ကျေပွန်သည့် လူငယ်များပင်ဖြစ်ကြောင်း။

သို့သော်လည်း နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးဖျက်ဆီးနေကြသည့် အဖျက်အမှောင့်သမားများသည် ယနေ့ မျိုးဆက်သစ်လူငယ်များကို မကျေနပ်မှုများ၊ ရန်လိုမှုများ၊ မုန်းတီးမှုများနှင့် တိမ်သလ္လာဖုံးနေသည့် လူငယ်များဖြစ်အောင်၊ အပျက်သဘောသာ ရှုမြင်တတ်ပြီး မျှော်လင့်ချက်ကင်းမဲ့သည့် လူငယ်များဖြစ်အောင်၊ ဥပဒေ စည်းကမ်းချိုးဖောက်တတ်သည့် စည်းစနစ်စောင့်ထိန်းမှုကို ဆန့်ကျင်တတ်သည့် လူငယ်များဖြစ်အောင် တမင်ဖန်တီးနေကြသည်ကို တွေ့မြင်နေရကြောင်း။

အမြတ်ထုတ်အသုံးချ

ထို့အပြင် အဖျက်အမှောင့်သမားများသည် နိုင်ငံတော်အတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍအမျိုးမျိုးမှာ အပျက်သဘောသက်သက် ပုံဖော်ထားသည့် ပုံရိပ်ဆိုးများကို ဖန်တီးလျက်ရှိသည့် အပြင် လူမှုရေး၊ ဘာသာရေးနှင့် လူမှုကရုဏာလုပ်ငန်းများမှာပါ နိုင်ငံရေး ပယောဂစွက်ဖက်ပြီး အမြတ်ထုတ် အသုံးချလုပ်ဆောင်နေကြကြောင်း။

ပြည်ပမှာလည်း အမည်အမျိုးမျိုးခံထားသည့် တိုင်းတစ်ပါးအထောက်အပံ့ခံ အုပ်စုများသည် ယနေ့ နိုင်ငံတကာမှာ ခေတ်စားနေသည့် HIV-AIDS၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါး၊ ကလေးစစ်သား၊ လူ့အခွင့်အရေး စသည့် ခေါင်းစဉ်အမျိုးမျိုးကိုသုံးပြီး မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ပုံရိပ်ဆိုးများ နိုင်ငံတကာမှာ ဖြစ်ပေါ်လာအောင် ဇာတ်လမ်းလိုတစ်မျိုး၊ အစီရင်ခံစာလို တစ်ဖုံ အမျိုးမျိုးလုပ်ကြံဖန်တီးနေကြကြောင်း။

အလွန်အန္တရာယ်ကြီး

အထူးသဖြင့် တိုင်းရင်းသားအချင်းချင်း လူမျိုးရေး သွေးခွဲသပ်လျှိုသည့် လုပ်ဇာတ်အမျိုးမျိုးကို ဖန်တီးနေမှုများ၊ ယင်းသို့ ဖန်တီးထားသည့် ဇာတ်လမ်းများ၊ အခြေအမြစ်ကင်းမဲ့သည့် အစီရင်ခံစာများကို အနောက်နိုင်ငံကြီးအချို့က တရားဝင်သယောင် အားပေးချီးမြှောက်မှု၊ ဆုလာဘ်ချီးမြှင့်မှု၊ သိဒ္ဓိတင်ပေးမှုများကို ရည်ရွယ်ချက်ရှိရှိ ဖန်တီးလုပ်ဆောင်နေကြခြင်းသည် ပြည်ထောင်စုကြီးအတွက် အလွန်ပင်အန္တရာယ်ကြီးကြောင်း။

မိမိတို့နိုင်ငံအတွင်းမှာ တွေ့ဆုံဆွေးနွေးရေးလုပ်ရန်ဆိုပြီး တစာစာ တောင်းဆိုနေသော်လည်း မိမိတို့ တိုင်းရင်းသားအများစု တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုများ လုပ်နေသည့် အမျိုးသားညီလာခံကြီးကို ဖျက်လိုဖျက်ဆီးနှင့် နှောင့်ယှက်နေသည့် အမှန်တကယ် အမျိုးသားစည်းလုံးညီညွတ်မှုကို မလိုလားသည့် စရိုက်အစစ်အမှန်ကို ဖော်ပြနေခြင်းပင်ဖြစ်ကြောင်း။

အမျိုးသားရေးသတိ

ထို့ကြောင့် ရရှိထားပြီး တည်ငြိမ်အေးချမ်းသာယာမှု အကျိုးရလဒ်ကောင်းများ မပျက်ပြားစေရန်၊ ရရှိလတ္တံ့သော ငြိမ်းချမ်းသာယာမှုအခြေခံကောင်းများ မပြိုပျက်သွားစေရန် မိမိတို့ တိုင်းရင်းသားလူမျိုးများအားလုံးက အသွင်အမျိုးမျိုးနှင့် ဝင်ရောက်လာနေသည့် သွေးခွဲသပ်လျှိုမှုအဖုံဖုံကို အမျိုးသားရေးသတိဖြင့် ရှောင်ရှားကြရန် လိုအပ်ကြောင်း။

တိုင်းရင်းသားလူမျိုးအချင်းချင်း သွေးခွဲသပ်လျှိုနိုင်ရန်အတွက် အဖျက်အမှောင့်သမားများက နိုင်ငံရေးပယောဂစွက်ဖက်ပြီး မလျော်မကန်အသုံးချနေသည့် မူးယစ်ဆေးဝါး၊ HIV-AIDS လူကုန်ကူးမှုဆိုသည့် ပြဿနာများသည် မိမိတို့ တစ်နိုင်ငံတည်းမှာသာမက အခြားသောနိုင်ငံအချို့မှာပါ ဖြစ်ပွားနေသည့် ပြဿနာများဖြစ်ကြောင်း၊ ယင်းတို့ကို ပုံကြီးချဲ့လုပ်ကြံပြီး နိုင်ငံရေးတိုက်ကွက် တစ်ခုအဖြစ် အသုံးပြုနေခြင်းသည် မရိုးသားသည့် လုပ်ရပ်၊ မိမိနိုင်ငံ၏ ဂုဏ်သိက္ခာ ထိခိုက်ကျဆင်းအောင်လုပ်နေသည့် သစ္စာမဲ့သည့် လုပ်ရပ်များဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ ဆရာမတို့အနေဖြင့် မိမိတို့၏ တပည့် ကျောင်းသူ ကျောင်းသား လူငယ်များကို နိုင်ငံတော်အတွင်း ဖြစ်ပေါ်တိုးတက်မှုများအပေါ် အပြုသဘောနှင့်မြင်နိုင်အောင် လောကဓမ္မတာ ချွတ်ချော်ချို့ယွင်းမှုမျိုးအပေါ် အပျက်သဘော ဇာချဲ့ထားသည့်ပုံရိပ်ဆိုးများအဖြစ် မဖန်တီးမိအောင် နိုင်ငံတော်၏ ကြည်လင်ခိုင်မာသည့် အနာဂတ်အပေါ် မျှော်လင့်ယုံကြည်အားထားမှုနှင့်တကွ ပြည်သူ့အကျိုးအတွက် တက်ကြွနိုးကြားလာအောင် ခြုံငုံပြောရလျှင် နိုင်ငံအတွက် အကျိုးရှိ ထိုက်တန်သည့် မျိုးဆက်သစ်လူငယ်များ ဖြစ်လာအောင် အထူးဂရုပြု ပဲ့ပြင်ပျိုးထောင်ပေးကြပါဟု မှာကြားလိုကြောင်း။

ဆုံးမ ပဲ့ပြင်

အထူးသဖြင့် မူးယစ်ဆေးဝါးအန္တရာယ်၊ HIV-AIDS အန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်တို့၏ သားကောင်များအဖြစ် မိမိတို့၏ တပည့်လူငယ်များ ကျရောက်မသွားရအောင်သာမက ယင်းအန္တရာယ်ဆိုးများကို မလျော်မကန် အသုံးချနေကြသည့် နိုင်ငံရေးအချောင်သမားများ၏ သားကောင်များအဖြစ်ပါ ကျရောက်မသွားစေရအောင် ဆုံးမပဲ့ပြင်ပေးကြပါဟု တစ်ဆက်တည်း ပြောကြားလိုကြောင်း။

လူမှုရေး ကရုဏာလုပ်ငန်းများ တစ်နိုင်ငံလုံးမှာ ဖြန့်ကြက်ပြီး အမှန်တကယ် လုပ်ဆောင်နေကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း စသည့် လူမှုရေးအသင်းအဖွဲ့များ၏ လုပ်ငန်းများသည် စိတ်စေတနာသန့်သန့်၊ လိပ်ပြာသန့်သန့် ပါဝင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းများဖြစ်သည်နှင့်အညီ မိမိတို့ကိုယ်တိုင်သာမ မိမိတို့၏ တပည့်လူငယ်များပါ ပူးပေါင်း ပါဝင်ဆောင်ရွက်လာကြအောင် စည်းရုံးဦးဆောင်ပေးကြပါဟုလည်း တိုက်တွန်းပြောကြားလိုကြောင်း။

အနာဂတ်အလားအလာ

နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံ မိမိလူမျိုး၏ သမိုင်းကြောင်းအစဉ်အလာများ၊ သမိုင်းကပေးသည့် သင်ခန်းစာများ၊ လက်ရှိ ပကတိအခြေအနေမှန်များနှင့် အနာဂတ် အလားအလာများ၊ ဒေသတွင်းနှင့် နိုင်ငံတကာဖြစ်စဉ်

ဖြစ်ရပ်များအပေါ်မှာ ဆန်းစစ်သုံးသပ်ပြီး မိမိနိုင်ငံ၊ မိမိလူမျိုး အကျိုးအတွက် အကောင်းဆုံးဆိုသည့် အနာဂတ်ကို တည်ဆောက်နိုင်စေရအောင် လက်တွေ့အကျဆုံး နည်းလမ်းများနှင့် စနစ်တကျ ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် သမိုင်းဖြစ်စဉ် တစ်ဆင့်ကနေ နောက်တစ်ဆင့်ကို တက်လှမ်းကူးပြောင်းနေခြင်းလည်းဖြစ်ကြောင်း။

ယင်းသို့ တက်လှမ်းကူးပြောင်းရာမှာ စနစ်တကျနှင့် ညင်သာချောမောစွာ ကူးပြောင်းသွားနိုင်စေရအောင်၊ အနာဂတ်မှာ ဖြစ်တည်လာမည့် ပြည်ထောင်စုကြီးကို ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရန် အာမခံနိုင်မည့် အခြေခံကောင်းများ ယခုကပင် ခိုင်ခိုင်မာမာဖြစ်ထွန်းနေစေရအောင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံအတွက် အကောင်းဆုံး အလျော်ကန်ဆုံးဖြစ်မည့် နည်းလမ်းများနှင့် ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ကျေပွန်စွာထမ်းရွက်

အချိန်အခါ၏ တောင်းဆိုမှုနှင့်အညီ နိုင်ငံတော်အစိုးရ၏ အားထုတ်ကြိုးပမ်းဆောင်ရွက်နေမှုကို သိရှိနားလည်ပြီး အမိနိုင်ငံတော်ကြီး သိမ်မွေ့ညင်သာစွာ အသွင်ကူးပြောင်းနိုင်ရေးအတွက် သမိုင်းပေးတာဝန်လည်းဖြစ်သည့် ပစ္စုပ္ပန်ကာလ၏ အမွန်မြတ်ဆုံးလုပ်ငန်းတာဝန်များကို နိုင်ငံသူ နိုင်ငံသားတစ်ဦးအနေဖြင့် ကျေပွန်စွာ ပါဝင်ထမ်းရွက်ပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

ထို့အပြင် ယင်းသမိုင်းပေးတာဝန်ကြီးကို မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး ကျေပွန်မှန်ကန်စွာ ထမ်းရွက်နိုင်ရေးအတွက် ပညာစွမ်းအားဖြင့် ပံ့ပိုးထောက်ကူပေးကြပါဟုလည်း တစ်ဆက်တည်းပြောကြားလိုကြောင်း။

လက်တွဲကြိုးပမ်း

ယနေ့ကာလသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖြတ်သန်းကျော်ဖြတ်ခဲ့ရသည့် ကိုလိုနီခေတ်နောက်ပိုင်း သမိုင်းကာလတစ်လျှောက်မှာ တည်ငြိမ်အေးချမ်းမှုအရှိဆုံးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးကာလတစ်ခုပင်ဖြစ်ကြောင်း၊ ယင်းသို့ တည်ငြိမ်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် ကောင်းမွန်နေသည့် အချိန်အခါကောင်းမှာ တိုင်းရင်းသားလူမျိုးအားလုံးက ဦးတည်ချက်ရှိရှိ ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးနှင့် နိုင်ငံတော်၏ ရှေ့ရေးတည်ငြိမ်ခိုင်ခံ့ရေး၊ ပြည်ထောင်စုကြီး၏ အနာဂတ် ကြည်လင်ခိုင်မာရေးအတွက် လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

တက္ကသိုလ် ကောလိပ် ဆရာ ဆရာမများအားလုံးကလည်း မိမိနိုင်ငံ မိမိလူမျိုး တိုးတက်ကြီးပွားမှု၊ ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ ခိုင်မြဲမှု အကျိုးရလဒ်ကောင်းများ ဖန်တီးဖော်ဆောင်ပေးနိုင်မည့် အမျိုးသားပညာရည်မြင့်မားမှု အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားပေါ်ထွန်းမှု စွမ်းအားကောင်းများ တိုးတက်ဖြစ်ထွန်းနေစေရအောင် အမျိုးသားရေးအသိနှင့် ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

- **မိမိနိုင်ငံသူ နိုင်ငံသား ပြည်သူများ၏ ပညာရည်မြင့်မားမှု၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ စွမ်းအားခိုင်မာမှု၊ တွေးခေါ်မြော်မြင် ဆင်ခြင်တုံတရား ပြည့်ဝမှု၊ အမျိုးသားရေးစိတ်ဓာတ် ထက်သန်မြင့်မားမှု အမျိုးသားရေးစွမ်းအားကောင်းများကို ပညာရေးကဏ္ဍက တစ်ဆင့် အခိုင်အမာတည်ဆောက်ပေးကြပါ၊ နိုင်ငံတိုင်း နိုင်ငံတိုင်းသည် ကိုယ့်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးကို ပုံသဏ္ဌာန်အမျိုးမျိုးနှင့် ပုံဖော် ကြိုးပမ်းဆောင်ရွက်နေကြရသည့် အချိန်အခါမျိုးမှာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည် အဓိက မောင်းနှင်အားတစ်ခု ဖြစ်ပါကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၏ အခြေခံဖြစ်သည့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို မိမိတို့၏ တပည့် လူငယ် လူရွယ်များ၏ ရင်ထဲ နှလုံးထဲတွင် အစဉ်အမြဲ ရှင်သန်နိုးကြားနေအောင် လေ့ကျင့်ပျိုးထောင်ပေးကြပါ။**
- **ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် ကြည်လင်ခိုင်မာသော အနာဂတ်ဖြစ်ပေါ်လာရေးနှင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် တစ်မျိုးသားလုံး ပါဝင်ကြိုးပမ်းဆောင်ရွက်နေသည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာအကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရအောင် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ကျရာအခန်းကဏ္ဍက ပူးပေါင်း ပါဝင်ဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက် သင်တန်းသား သင်တန်းသူများအား ဆုချီးမြှင့်ခြင်းအစီအစဉ်ကို ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သင်တန်းသားစံပြဆုကို သင်တန်းသား အမှတ်(ဒီ–၃၅) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့် သိပ္ပံနှင့်နည်းပညာဦးစီးဌာန ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)မှ နည်းပြ ဦးကျော်မျိုးလှိုင်အား လည်းကောင်း၊ သင်တန်းသူ စံပြဆုကို သင်တန်းသူ အမှတ်(ဘီ–၁၇၈) ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှ လက်ထောက်ကထိက ဒေါ်စိမ်းလဲ့အေးအား လည်းကောင်း၊ ဖွဲ့လုံ့လဆုကို သင်တန်းသား အမှတ်(ဒီ–၂၄) သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန ရန်ကုန်သမဝါယမ ဒီဂရီကောလိပ်မှ လက်ထောက်ကထိက ဦးစိုးမောင်၊ သင်တန်းသူ အမှတ်(အေ–၉၆) သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန သမဝါယမကောလိပ်(ဖောင်ကြီး)မှ လက်ထောက်ကထိက ဒေါ်သန်းသန်းနှင့် သင်တန်းသူ အမှတ်(ဘီ–၁၃) ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ထားဝယ်တက္ကသိုလ်မှ လက်ထောက်ကထိက ဒေါ်ခင်ဝေရီတို့အား လည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စံပြအဆောင်ဆုရ သင်တန်းသူတပ်ခွဲ အမျိုးသမီးတပ်ခွဲ(၃) အဆောင်(၁)ကို လည်းကောင်း၊ သင်တန်းဆင်းလက်မှတ်များကို တပ်ခွဲအလိုက် သင်တန်းသားခေါင်းဆောင်နှင့် ဒုတိယသင်တန်းသားခေါင်းဆောင်များမှတစ်ဆင့် သင်တန်းသား သင်တန်းသူများအားလည်းကောင်း ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် တက္ကသိုလ် ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၁)မှ သင်တန်းသား သင်တန်းသူများက လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအတွက် လှူဒါန်းငွေ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် ကိုးနဝင်းစေတီတော် တိုးချဲ့မွမ်းမံတည်ဆောက်ရန် လှူဒါန်းငွေ၊ ပုဂံရှေးဟောင်းဘုရားပုထိုးများ ပြုပြင်မွမ်းမံထိန်းသိမ်းရေးအတွက် လှူဒါန်းငွေ၊ အမျိုးသားညီလာခံအား ဂုဏ်ပြုလှူဒါန်းငွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရန်ပုံငွေအတွက် လှူဒါန်းငွေ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် အခြေခံပညာမူလတန်းလွန်ကျောင်းအတွက် လှူဒါန်းငွေ၊ ဖောင်ကြီး အခြေခံပညာအထက်တန်းကျောင်းအတွက် လှူဒါန်းငွေနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် မူလတန်းကြိုကျောင်းအတွက် လှူဒါန်းငွေများအပါအဝင် စုစုပေါင်းငွေကျပ် ၄၁၀၄၀၀ ကို ပေးအပ်လှူဒါန်းကြရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကာ သင်တန်းဆင်းအခမ်းအနား ရုပ်သိမ်းလိုက်သည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

တက်ရောက်ချီးမြှင့်

ထို့နောက် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ရှိ အမျိုးသမီးတပ်ခွဲ သဇင်ဆောင် ခေတ်မီ နှစ်ထပ်အိပ်ဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို နံနက် ၁၀ နာရီတွင် အဆိုပါသဇင်ဆောင်ရှေ့၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်ပြီး ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ နည်းပြများ၊ သင်တန်းသားသင်တန်းသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ဆိုင်းဝိုင်းအဖွဲ့နှင့် အကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသမီးတပ်ခွဲ သဇင်ဆောင် ခေတ်မီနှစ်ထပ်အိပ်ဆောင်သစ် ဆောက်လုပ်မှုအခြေအနေများကို ရှင်းလင်းဖတ်ကြားတင်ပြသည်။

ယင်းနောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွှန့်နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ် ဗိုလ်မှူးကြီးဝင်းမောင်(ငြိမ်း)တို့က သဇင်ဆောင် ခေတ်မီနှစ်ထပ်အိပ်ဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သဇင်ဆောင် ခေတ်မီနှစ်ထပ်အိပ်ဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကို နံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွှန့်နှင့် တရားသူကြီးချုပ် ဦးအောင်တိုးတို့က ကမ္ပည်းမော်ကွန်းကို နံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် သဇင်ဆောင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါသဇင်ဆောင်၏ အရွယ်အစားမှာ အလျားပေ ၂၀၀၊ အနံ ၁၇၄ ပေ၊ အမြင့် ၂၄ ပေရှိပြီး အင်္ဂလိပ်အက္ခရာ (H)ပုံစံဖြစ်သည်။ အဆောင်မှာ သင်တန်းသူ ၂၀၀ ဆံ့ပြီး နှစ်ထပ်ဖြစ်ကာ သံကူကွန်ကရစ်ဖြင့် တည်ဆောက်ထားသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသမီးတပ်ခွဲ သဇင်ဆောင် နှစ်ထပ်အိပ်ဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ယနေ့အချိန်အခါတွင် ဓနအင်အား၊ နည်းပညာစွမ်းအား မြင့်မားသာလွန်သည့် နိုင်ငံကြီးအချို့သည် ဓနအင်အားကွာခြားမှု၊ နည်းပညာကွာဟမှုတို့ကို အသာစီးယူပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် မလျော်ဩဇာသုံး လွှမ်းမိုးအကျပ်ကိုင်မှုများ လုပ်ဆောင်လျက်ရှိ၊ ဖိအားပေးအကျပ်ကိုင်မှုတို့ကို ရင်ဆိုင်တွန်းလှန်နိုင်မည့် အမျိုးသား ဓနအင်အား ပြည့်စုံကြွယ်ဝမှု၊ နည်းပညာစွမ်းအား ပြည့်ဝခိုင်မာမှုတို့ကို အမျိုးသားပညာရည်မြင့်မားမှုစွမ်းအားဖြင့် ဖော်ဆောင်ပေးနိုင်ဖို့ဆိုသည့် ပညာရေးကဏ္ဍ၏ တာဝန်သည် တိုင်းတစ်ပါး စွက်ဖက်ခြယ်လှယ် ဩဇာလွှမ်းမိုးမှုလောင်းရိပ်က လွတ်ကင်းရေးဆိုသည့် အမျိုးသားရေးအဓိပ္ပာယ်ကို ဆောင်နေ။

ဂုဏ်ပေါင်းခသည့် တပေါင်းလ

(က)

သာလေစွ၊ ဆီးကြွေနှင်းခဲ
သာလွန်ကဲ၍၊ ရဲရဲမိုးလ၊
ဖဂ္ဂုနနှင့်ပြည့်ဝအညီ၊ မိန်ရာသီဟု
သရဖီ ပိတောက်၊ ခက်ညှောက်ညွန့်ညောင်း
ဝတ်မှုန်လောင်းသည့်၊ တပေါင်းလသာ
လတကာထက်၊ နှိုင်းရာဖက်ရှောင်
လများနောင်ကား၊ တောင်လည်းသာမော
တောလည်းသာထွေ၊ ရေလည်းသာလှ
ဖြူစွသောင်ပြင်၊ ငှက်ပေါင်းရှင်ရာ
သဘင်အညီ၊ ပွဲစေတီဟု
မြှောက်ချီရှင်ပ၊ လှူဒါန်းကြလျက်။

(အင်းဝစာဆို ဆီသည်ရွာသား ဦးအောင်ကြီး)

(ခ)

တပေါင်းလသည် မြန်မာတို့၏ ၁၂ လ၌ နောက်ဆုံးလဖြစ်၏။ ဂိမာန်နွေနှင့် ဟေမန်ဆောင်းတို့၏ ပေါင်းကူးလဖြစ်၏။ ရွက်ဟောင်းများကြွေ၍ ရွက်သစ်ပုရစ်ပန်းများ လန်းဆန်းသောလဖြစ်၏။ ရတနသုတ် ပရိတ်တော်တွင် ဘုရားရှင်၏ တရားတော်ကို တပေါင်းလနှင့် ဥပမာပေးထားသည်မှာ အလွန်နှစ်သက်ဖွယ်ကောင်းလှ၏။ "နွေတို့၏ ပထမလဖြစ်သော တပေါင်းလဝယ် ပင်လုံးကျွတ်အဖျား၌ ပွင့်သောတောအုပ်ကြီးသည် ကြည့်ရှုမဝ၊ အလွန်လှပသကဲ့သို့ ဘုရားရှင်၏ တရားတော်သည်လည်း နာ၍မဝ၊ ကျင့်၍မဝ အလွန်တင့်တယ်လှပပါသည်"ဟု ဥပမာပေးထား၏။

မြန်မာ့ ၁၂ရာသီဝယ် တပေါင်းလသည် အခြားသော လများထက် ထူးခြားချက် ဝိသေသများစွာတို့ဖြင့် စာဖွဲ့၍ မကုန်နိုင်လောက်အောင် ဝေဆာလျက်ရှိ။

နေ၊လနှင့်နက္ခတ်တာရာတို့ ထွက်ပြူပေါ်ထွန်းလာသောလ၊ ဖွားဖက်တော် ကာဠုဒါယီက ဘုရားရှင်အား ၆၄ ဂါထာတော်ဖြင့် ဝေဝေဆာဆာဖွဲ့နွဲ့၍ နေပြည်တော်သို့ ပင့်ဆောင်သော လဖြစ်၏။

တပေါင်းလဟူသော အခေါ်ဝေါဟာရသည် "တာလ"ဟူသည့် ပါဠိသက် ဝေါဟာရဖြစ်၏။ "တာလ"သည် "ထန်း"ဖြစ်၍ "ပေါင်း"မှာ ချက်သည် ကျိုသည်ဟူသည့် အဓိပ္ပာယ်ကိုဆောင်၏။ တပေါင်းလသည် ထန်းသမားတို့၏ ထန်းရည်ကျိုသောလ၊ ထန်းချက်သောလ ဖြစ်၏။ ဤတပေါင်းလတွင် ထန်းဖိုပင်မှရသော "ညှပ်ရည်"နှင့် ထန်းမပင်မှရသော "သီးနှုရည်"တို့ကို ပေါင်းစပ်ကျိုချက်ရသဖြင့် "ထန်းပေါင်းလ"ဟု ခေါ်ဝေါ်ခဲ့ရာ ကာလရွေ့လျားလာသောအခါ ထန်းပေါင်းလ၊ ထပေါင်းလ၊ တပေါင်းလ ဟူ၍ ဆင့်ပြောင်းကာ ခေါ်ဆိုခဲ့ကြ၏။

တပေါင်းလ၏ ဝိသေသများ

မြန်မာ့ ၁၂ရာသီဝယ် တပေါင်းလသည် အခြားသောလများထက် ထူးခြားချက် ဝိသေသများစွာတို့ဖြင့် စာဖွဲ့၍ မကုန်နိုင်လောက်အောင် ဝေဆာလျက်ရှိသည်။ နေ၊လနှင့်နက္ခတ်တာရာတို့ ထွက်ပြူပေါ်ထွန်းလာသော လဖြစ်၏။ ဖွားဖက်တော် ကာဠုဒါယီက ဘုရားရှင်အား ၆၄ ဂါထာတော်ဖြင့် ဝေဝေဆာဆာဖွဲ့နွဲ့၍ နေပြည်တော်သို့ ပင့်ဆောင်သောလ ဖြစ်၏။ ရှေးဘိုးဘေး မြန်မာတို့၏ ဘာသာရေးဓလေ့ သဲပုံစေတီတော် ပူဇော်ပွဲနှင့် ယနေ့ခေတ် မြေးမြစ်မြန်မာတို့၏ ဘာသာရေး ဘုရားပွဲတော်များ ကျင်းပသောလဖြစ်၏။ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်သောလ ဖြစ်သည်။

ကမ္ဘာဦးအစ နေ၊ လ တို့ပေါ်ပုံ

ကမ္ဘာဦးလူသားတို့အတွက် နေ၊ လ၊ နက္ခတ်တာရာဟူ၍ မရှိသဖြင့် မိမိတို့၏ ကိုယ်ရောင်ကိုယ်ဝါ အလင်းတန်းများဖြင့် ကမ္ဘာကြီးအား အလင်းဖြန့်ခဲ့၏။ မိမိတို့၏ ကိုယ်ရောင်ကိုယ်ဝါများ မှေးမှိန်ကွယ်ပျောက်သွားသောအခါ ကမ္ဘာကြီး အမှောင်လွှမ်းသွား၏။ ထိုအနေအထားသို့ ဆိုက်ရောက်ချိန် ကမ္ဘာဦးလူသားများက "ငါတို့ လူသားတွေအတွက် ပကတိအလင်းရောင်ကို ရနိုင်လျှင် ကောင်းမှာပဲ"ဟု တမ်းတကြပြန်၏။ ထိုကမ္ဘာဦးလူသားတို့ တောင့်တချက်အရ နေ၊ လ၊ နက္ခတ်၊ တာရာတို့ ထွက်ပြူလာ၏။ ထို နေ၊ လ၊ နက္ခတ်တာရာတို့ ထွက်ပြူသော လသည် ဤတပေါင်းလပြည့်နေ့ပင် ဖြစ်သည်ဟု သမိုင်းပညာရှင်များ မှတ်တမ်းတင်ခဲ့၏။

နေပြည်တော်သို့ ပင့်ဆောင်ပုံ

မိမိ၏သားတော်သည် သဗ္ဗညုတဉာဏ်တော်ပိုင်ရှင် ဘုရားရှင်အဖြစ်သို့ ရောက်ရှိနေသည့်အကြောင်း၊ ဝေနေယျသတ္တဝါတို့အား တရားရေအေး အမြိုက်ဆေး တိုက်ကျွေးနေသည့်အကြောင်း ကြားသိနေရသော ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ စိတ်အစဉ်ဝယ် သားတော်ဘုရားကို ဖူးမြင်လို၍ အမတ်တစ်ဦးနှင့် အခြံအရံတစ်ထောင်တို့ဖြင့် သားတော် ဘုရားအား နေပြည်တော်သို့ ကြွလာတော်မူရန်အတွက် အပင့်လွှတ်လိုက်လေ၏။

သို့သော်...ဘုရားရှင်အား ပင့်ဆောင်ရန်သွားသော အမတ်နှင့် အခြံအရံများသည် ဘုရားရှင်၏ တရားတော်ကို နာကြားကြရသောအခါ ရဟန္တာများ အသီးသီးဖြစ်သွားကြ၍ ဘုရားရှင်အား ပင့်လျှောက်ခြင်းကိစ္စကို မပြုဖြစ်ကြပေ။ ရှေးနည်းအတူ ကိုးကြိမ်တိုင်တိုင် အမတ်ကိုးဦး အခြံအရံကိုးထောင်တို့ကို ဘုရားရှင်အား အပင့်လွှတ်သော်ငြားလည်း အားလုံးသောအမတ်များနှင့် အခြံအရံတို့သည် ဘုရားရှင်၏ တရားတော်ကို နာကြားကြရပြီး ရဟန္တာချည်း ဖြစ်သွားကြ၏။

သုခမိန်မှူး (ရတနာစည် လှိုင်လင်)

ဆယ်ကြိမ်မြောက်သို့ ရောက်သောအခါ ဘုရားရှင်၏ ဖွားဖက်တော် ကာဠုဒါယီအမတ်ကို အခြံအရံ တစ်ထောင်ဖြင့် လွှတ်လိုက်၏။ ကာဠုဒါယီအမတ်နှင့် အခြံအရံများသည်လည်း ရှေးပုဂ္ဂိုလ်များနည်းတူ ဘုရားရှင်၏တရားတော်ကို နာကြားကြရပြီး ရဟန္တာများ ဖြစ်သွားကြပြန်၏။ သို့တိုင်..."ဘုရားရှင်အား မရအရ ပင့်ဆောင်ပေးပါမည်"ဟု ခမည်းတော် သုဒ္ဓေါဒနမင်းကြီးအား ပေးခဲ့သောကတိကိုမူ အပျက်မခံဘဲ ဘုရားရှင်အား အကြောင်းစုံလျှောက်၍ ပင့်ဆောင်ရန်အတွက် အခါအခွင့်ကို စောင့်ဆိုင်းနေခဲ့၏။

ထိုသို့ အခါအခွင့်ကိုစောင့်ဆိုင်းခဲ့ရာမှ တပေါင်းလသို့ ရောက်သောအခါ အရှင်ကာဠုဒါယီသည် မြတ်စွာဘုရားရှင်အား တပေါင်းလ၏ ဝိသေသ၊ သာယာပုံအစုံစုံကို ၆၄ ဂါထာဖြင့် ချီးကျူးကာ ကပိလဝတ် နေပြည်တော်သို့ ဘုရားရှင် ကြွရောက်တော်မူပါမည့်အကြောင်း တောင်းပန်လျှောက်ထားလေ၏။ အရှင်ကာဠုဒါယီက ဘုရားရှင်အား ၆၄ ဂါထာဖြင့် လျှောက်တင်သောနေ့ကား သက္ကရာဇ် ၁၀၃ ခု တပေါင်းလပြည့် ကြာသပတေးနေ့ ဖြစ်၏။

မြတ်စွာဘုရားသည် အရှင်ကာဠုဒါယီ၏ လျှောက်ထား တောင်းပန်ချက်ကို နှစ်သက်တော်မူသဖြင့် တပေါင်းလပြည့်ကျော် တစ်ရက်နေ့တွင် မာဂဓတိုင်းသား သံဃာတော်တစ်သောင်း၊ ကပိလဝတ်ပြည်သား သံဃာတော်တစ်သောင်း ခြံရံလျက် ရာဇဂြိုဟ်ပြည်မှ ယူဇနာ ၆၀ ရှိသော ကပိလဝတ် နေပြည်တော်သို့ တောအသွယ်သွယ် တောင်အထပ်ထပ် ခရီးရှည်ကြီးကို တစ်နေ့လျှင် တစ်ယူဇနာနှုန်းဖြင့် ခြေကျင်ခရီး ဆက်တော်မူခဲ့ရာ နှစ်လတိုင်ခဲ့၏။

အရှင်ကာဠုဒါယီ၏ လျှောက်ထားချက်ကို လက်ခံတော်မူပြီး ဘုရား ရှင်သည် တောလမ်းခရီးစဉ်ဖြင့် သာယာကြည်နူးဖွယ်ကောင်းသော ဤတပေါင်းလဝယ် ကျေးဇူးရှင် ဖခမည်းတော်ကြီးရှိရာ ကပိလဝတ် နေပြည်တော်သို့ ဘုရားဖြစ်ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ပြန်ကြွတော်မူ၏။ ဖခမည်းတော်ကြီးနှင့်တကွ ဆွေတော်မျိုးတော်တို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူ၏။

သဲပုံစေတီတော်

ရှေးအခါက ဘိုးဘေး မြန်မာများလက်ထက်ဝယ် မိမိတို့ မြန်မာနိုင်ငံ၌လည်း ဘုရားရှင် ကြွရောက်ဖူးသည့် အထိမ်းအမှတ်အဖြစ် တပေါင်းလသို့ ရောက်တိုင်း သဲပုံစေတီပွဲတော်ကျင်းပကာ ဘုရားရှင်အား ပူဇော်ကြ၏။ ယနေ့ မြေးမြစ် မြန်မာများ လက်ထက်ဝယ် သဲပုံစေတီပွဲတော်အစား တပေါင်းလ ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကျင်းပပြီး ဘုရားရှင်အား ပူဇော်မူပြုကြ၏။

သဲပုံစေတီဟူသည့် သဲပွင့်သဲစများဖြင့် စေတီတော်အဖြစ် တည်ထားကိုးကွယ်သော ဘုရားရှင်၏ ကိုယ်ပွား ဥဒ္ဒိဿစေတီပင် ဖြစ်၏။ သဲပုံစေတီ တည်ရာတွင် ပထမအောက်ခြေ အဆင့်ငါးဆင့် တည်ဆောက်ရ၏။ မြင့်မိုရ်တောင်တွင် အာလိန်အဆင့် ငါးဆင့်ရှိသည်ကို ရည်ရွယ်၍ ထိုကဲ့သို့ ပြုလုပ်ခြင်းဖြစ်၏။ အာလိန်ငါးဆင့် (အဆင့်ငါးဆင့်)ကို ရွှေပြား၊ ငွေပြား စသည်တို့ဖြင့် ပြုလုပ်ကြ၏။ များသောအားဖြင့် ငှက်ပျောဖက် စသည်ဖြင့် ပြုလုပ်ကြ၏။ အာလိန်ငါးဆင့်မှာ အနိမ့်အမြင့် စေတီသဏ္ဌာန် လက်ယာရစ် ပတ်ထားရသည်။ ထို့နောက် သန့်စင်သည့် သဲများကို အပြည့်သိပ်ထည့်ရ၏။ တံခွန်ကုက္ကား စသည့် ပူဇော်ဖွယ်များဖြင့် အလှဆင်ကာ အနေကဇာ တင်ကြ၏။ ဤသဲပုံစေတီတော်အား အကြောင်းပြု၍ အလှူဒါနပြုကြခြင်း၊ ဥပုသ်သီလများ ဆောက်တည်ခြင်း ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းခြင်းစသည့် ကောင်းမှုကုသိုလ်များ ပြုပွားကြ၏။

တပေါင်းလ ဘုရားပွဲတော်

သဲပုံစေတီ တည်ထားကိုးကွယ်သော အလေ့အထသည် ရှေးအခါက ရှိခဲ့သော်ငြားလည်း ယနေ့မျက်မှောက်ခေတ်၌မူ သဲပုံစေတီပွဲတော်အစား တပေါင်းလ ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်အဖြစ် ပြောင်းလဲ ကျင်းပကြ၏။ ထိုသို့ ကျင်းပရာဝယ် မိမိတို့ရပ်ရွာ၊ မြို့နယ်၊ ခရိုင်၊ နိုင်ငံအတွင်းရှိ စေတီဘုရား၊ ဆင်းတုတော်များ၏ ပရိဝုဏ်အတွင်း၌ ဘာသာရေးပွဲလမ်းသဘင်များ ကျင်းပ၍ ခုနစ်ရက် စသည်ဖြင့် ပဋ္ဌာန်းတရားတော်များ ရွတ်ဖတ်ကာ ဘုရားရှင်အား ပူဇော်ခြင်း၊ မိမိတို့ရိုးရာအလိုက် ရိုးရာပျော်ပွဲရွှင်ပွဲများ တင်ဆက်ပြသခြင်း၊ နောက်ဆုံးရက်တွင် သံဃာတော်များအား ဆွမ်း၊ ခဲဖွယ်များ ဆက်ကပ်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ တရားတော်နာ ရေစက်ချ အမျှအတမ်းပေးဝေခြင်း စသည်တို့ ပြုလုပ်ကြ၏။

ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်း

ဘုရားရှင် နေပြည်တော်သို့ ကြွရောက်ဖြစ်အောင် ပင့်ဆောင်နိုင်သော အရှင်ကာဠုဒါယီကို ဘုရားရှင်သည် ကုလပ္ပသာဒ ဧတဒဂ်ဘွဲ့တော် ချီးမြှင့်တော်မူလေ၏။ ထို့အပြင် အခြားသော တပည့်သာဝကများထဲမှ ထူးချွန်ထက်မြက်သည့် သာဝကများကိုလည်း အရာဌာနအားလျော်စွာ ဧတဒဂ်ဘွဲ့တော် ချီးမြှင့်တော်မူလေ၏။

ယင်းသို့သော သာဓကတို့ကို အကြောင်းပြုလျက် ဤမြန်မာနိုင်ငံဝယ် ရှေးရှေးသော မင်းကောင်းမင်းမြတ်များ လက်ထက်ကတည်းကပင်

လတကာတို့ထက် ရင်သပ်ရှုမောဖွယ်ပုံရိပ်များ၊ သာယာအေးချမ်းသည့် သဘာဝတရားများ၊ ထူးခြားချက် ဝိသေသများ၊ မြင့်မြတ်သောဂုဏ်ပုဒ်များစွာတို့ဖြင့် အလှကျက်သရေ ယှက်ဝေခညောင်းသော ဤလတပေါင်းနှင့် အတူ တွဲဖက်တည်ရှိသော မိမိတို့၏ဘာသာရေး ဓလေ့ထုံးတမ်းများ၊ ဘာသာရေးအစဉ်အလာများ မပျောက်ကွယ် မတိမ်ကောရလေအောင် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်သွားရန်မှာ မြန်မာနိုင်ငံအတွင်းရှိ မြေးမြစ်မြန်မာတို့၏ တာဝန်ပင်။

အရှင်ကာဠုဒါယီသည် စျာန်ဖြင့် ကောင်းကင်မှ ကြွနှင့်၍ ကပိလဝတ် နေပြည်တော်ရှိ ဆွေတော်မျိုးတော်တို့အား ဘုရားရှင်ကြွလာပြီဖြစ်ကြောင်း၊ ဘယ်နေ့၊ ဘယ်ရက်ခန့်တွင် ရောက်မည်ဖြစ်ကြောင်း ပြောပြကာ ကြိုတင်စီမံထားစရာရှိသည်များကို စီမံထားလေ၏။ အထူးအားဖြင့် အရှင်ကာဠုဒါယီသည် မြတ်စွာဘုရား၏ ဂုဏ်တော်ကျေးဇူးတော်နှင့် စပ်သော တရားစကားများဖြင့် သာကီဝင်မင်းမျိုး တစ်မျိုးလုံးကို ဘုရားရှင်အား မဖူးရမီကပင် ကြည်ညိုသော သဒ္ဓါတရားဖြစ်ပွားနှင့်အောင် ပြုတော်မူလေ၏။

ထို့ကြောင့်ပင် ...မြတ်စွာဘုရားရှင်သည် နောင်တစ်ချိန်၌ သာဝကများအား ဧတဒဂ်ဘွဲ့ထူးနှင်းအပ်ပေးသောအခါ "ရဟန်းတို့...ဆွေတော်မျိုးတော်တို့အား ငါဘုရား၌ သက်ဝင်ယုံကြည်ခြင်းကို ဖြစ်စေကြသော ငါဘုရား၏ တပည့်သာဝက ရဟန်းတို့အနက် ကာဠုဒါယီရဟန်းသည် အသာဆုံး၊ အမြတ်ဆုံးပေတည်း"ဟု မိန့်ကြားတော်မူကာ "ကုလပ္ပသာဒ" ဧတဒဂ်ဘွဲ့တော်ကို ချီးမြှင့်မြှောက်စား ပေးသနားတော်မူ၏။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်တို့ကို သီလ၊ သမာဓိ၊ ပညာကြီးမားတော်မူကြသည့် ဆရာတော်ကြီးများအား ဆက်ကပ်ခဲ့ကြသကဲ့သို့ ယနေ့တပ်မတော် အစိုးရကလည်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို နှစ်စဉ်နှစ်စဉ် ဤတပေါင်းလထဲ၌ နိုင်ငံ့အကြီးအကဲများက ကိုယ်တိုင်ကိုယ်ကျ ရှိသေစွာဖြင့် သဟတ္ထိက ဒါနမြောက်အောင် ဆက်ကပ်ပူဇော်လှူဒါန်းလျက်ရှိပါသည်။

အချုပ်ဆိုရသော် ... **လတကာတို့ထက် ရင်သပ်ရှုမောဖွယ်ပုံရိပ်များ၊ သာယာအေးချမ်းသည့် သဘာဝတရားများ၊ ထူးခြားချက် ဝိသေသများ၊ မြင့်မြတ်သောဂုဏ်ပုဒ်များစွာတို့ဖြင့် အလှကျက်သရေ ယှက်ဝေခညောင်းသော ဤလတပေါင်းနှင့်အတူ တွဲဖက်တည်ရှိသော မိမိတို့၏ ဘာသာရေး ဓလေ့ထုံးတမ်းများ၊ ဘာသာရေး အစဉ်အလာများ မပျောက်ကွယ် မတိမ်ကောရလေအောင် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်သွားရန်မှာ မြန်မာနိုင်ငံအတွင်းရှိ မြေးမြစ် မြန်မာတို့၏ တာဝန်ပင်**ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် မကွေးတိုင်းဆက်သွယ်ရေးစခန်းများစစ်ဆေး ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၅ရက် နံနက်ပိုင်းက နေပြည်တော်မှ တောင်ညို-ဆပ်သွား-တောင်တွင်းကြီးလမ်းအတိုင်း လမ်းတစ်လျှောက်ရှိ ဆက်သွယ်ရေးစခန်းများနှင့် တောင်တွင်းကြီးမြို့ ဂြိုဟ်တုဆက်သွယ်ရေးစခန်းနှင့် အော်တိုတယ်လီဖုန်း အိတ်ချိန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဝန်ကြီးသည် တောင်တွင်းကြီးမြို့ ရှေးဟောင်းသမိုင်းဝင် အောင်မြင်ဇေယျ စေတီတော်ကြီး တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှု၍ စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုသည်။

ဆက်လက်၍ ဝန်ကြီးသည် သစ်ရာကောက်မြို့ မဂ္ဂနက်တို အိတ်ချိန်း၊ မကွေးမြို့ အော်တိုအိတ်ချိန်း၊ မိုက္ကရိုဝေ့ဗ် စခန်းနှင့် စာပို့တိုက် ဆက်သွယ်ရေးစခန်းတို့ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ ထို့နောက် မကွေးမြို့ ဧည့်ရိပ်သာ၌ မြို့မိမြို့ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ဆက်သွယ်ရေးဝန်ထမ်းများနှင့် တွေ့ဆုံပြီး မကွေးမြို့ အော်တိုတယ်လီဖုန်းလိုင်းများ တိုးချဲ့ရေးကို မှာကြားသည်။

ဝန်ကြီးသည် ဖေဖော်ဝါရီ ၂၆ ရက်နံနက်ပိုင်းတွင် မကွေးတိုင်း တိုင်းသံဃနာယကဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓောတိပါလအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးသည် မင်းဘူးမြို့ အော်တိုအိတ်ချိန်း၊ မိုက္ကရိုဝေ့ဗ်စခန်း၊ ဂျီအက်စ်အမ် ရေဒီယိုစခန်းတို့နှင့် ရွှေတပင် အော်တိုအိတ်ချိန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ညောင်ကန်ကျေးရွာ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တွေ့ဆုံသည်။

ထို့နောက် ဝန်ကြီးသည် နတ်မောက်မြို့ မဂ္ဂနက်တိုအိတ်ချိန်း၊ မိုက္ကရိုဝေ့ဗ်စခန်းနှင့် အော်တိုအိတ်ချိန်း စက်ပစ္စည်းများတပ်ဆင်မည့် အခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ အသင်းဝင်များနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းနေ နှစ်ဖက်မိဘများဖြစ်သော မစ္စတာဟက်၊ ဒေါ်ဖွားရှင်၊ ဦးစံလှ-ဟာဂျီဒေါ်ပု(လူမှုထူးချွန် ပထမဆင့်)နှင့် ဒုတိယပါမောက္ခချုပ် ဦးဘသန်းဟက်အား ရည်စူး၍ ဒေါ်သန်းသန်း သားသမီးမြေးမြစ်တို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်ဆယ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရေစကြိုဆရာတော် ဝိဇာတနှင့် စာအောင်သံဃာ ဂုဏ်ပူဇော်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ(ရေစကြိုဆရာတော်) ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ၏ သက်တော် (၅၂)နှစ်မြောက် ဝိဇာတမွေးနေ့မင်္ဂလာ၊ ၁၃၆၈ခုနှစ် တိပိဋကရေ ရွေးချယ်ရေးစာမေးပွဲ၌ တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်မှ ထူးချွန်စွာအောင်ပန်းဆင်တော်မူခဲ့ကြသော သာသနာ့အာဇာနည် အရှင်မြတ် ၁၀ပါးနှင့် နိကာယ်စာမေးပွဲ အသီးသီးတို့၌ အောင်ပန်းဆင်တော်မူခဲ့ကြသော ဘွဲ့ရကျမ်းခွဲအရှင်မြတ် ၂၃ပါးတို့အား ဂုဏ်ပြုပူဇာမင်္ဂလာ၊ ကျောင်းတိုက်အတွင်း၌ ဆောက်လုပ်ပြီးသော တိပိဋက ဓမ္မဗိမာန်တော်၌ ထီးတော်အထွတ်တင်မင်္ဂလာ၊ စာပေဗိမာန် စာပဒေသာ ပထမဆုရ စာပေပညာရှင် အမျိုးသားတစ်ဦးနှင့် သီရိသုဓမ္မဩဂီဘွဲ့တံဆိပ်ရ ကျောင်းဒါယိကာမ အမျိုးသမီးငါးဦးတို့အား ဂုဏ်ပြုမင်္ဂလာ၊ ရေစကြိုဆရာတော်နှင့် ဝိသိဋ္ဌဒွိပိဋကရေ ဒွိပိဋကကောဝိဒအရှင်စန္ဒနတို့ကို သိက္ခာထပ်မင်္ဂလာတို့ကို ဆင်ယင်ကျင်းပမည်ဖြစ်သည်။ မတ်၁၁ရက် (တနင်္ဂနွေနေ့) တပေါင်းလပြည့်ကျော် ၈ရက် တိပိဋက မဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်သို့ သိက္ခာထပ်မင်္ဂလာကို နံနက်၇နာရီခွဲတွင်လည်းကောင်း၊ သိမ်ဆင်းပွဲကို နံနက် ၈နာရီ၊ ထီးတော်တင်ပွဲကို နံနက် ၈နာရီ၊ ပူဇော်ပွဲအခမ်းအနားကို နံနက် ၉နာရီ၊ နေ့ဆွမ်း ဆက်ကပ်ချိန် နံနက် ၁၁ နာရီတွင် ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ကျောင်းဒါယကာ ဒါယိကာမများ၊ နိဗဒ္ဓဆွမ်းဒါယကာ၊ ဒါယိကာမများ ဖိတ်စာရောက်သည်ဖြစ်စေ မရောက်သည်ဖြစ်စေ ကြွရောက်ကြပါရန် နှိုးဆော်ထားသည်။ **(က-ပ)**

ITC စက်မှု ကျောင်းသားဟောင်းများ မိသားစုနှင့် ဆစ်ဒနီရောက် မြန်မာမိသားစုများက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ) ဖော်ဒေးရှင်း၊ အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် တစ်ဆယ့်သုံးသိန်း ငါးသောင်း လှူဒါန်းရာ ဖော်ဒေးရှင်းနာယက ဗိုလ်မှူးချုပ်အေဘယ်လ်(ငြိမ်း)က လက်ခံယူစဉ်။ (က-ပ)

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ပိန်းဇလုတ် သုဓမ္မာရာမ ပရိယတ္တိစာသင်တိုက်ကြီးအတွင်းရှိ သုဝဏ္ဏဝတီ သုံးထပ် ရွှေကျောင်း တော် ကြီး ပြန်လည် ပြုပြင်ရန် ကျောက်တံခါးမြို့နယ် ခွက်မကျေးရွာနေ ဦးမြလှိုင်-ဒေါ်တင်ရွှေ၊ သမီး မမော်၊ မနန်းယု၊ သား မောင်မျိုးမင်းထွန်း မိသားစုက ပထမအကြိမ် ငွေကျပ်နှစ်သိန်းကို ပဓာနဆရာတော် ဦးဥတ္တမသာရထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

စစ်ကြောင်းကြီးများတည်းခိုရာ အဆောင်များ၌ အဆို၊ အက၊ အငြိမ့်များဖြင့် ဖျော်ဖြေ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

(၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ တည်းခိုရာ အမှတ်(၇) တည်းခိုရေးစခန်း အဆောင်အသီးသီး၌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဖေဖော်ဝါရီ၂၆ ရက် ည၇နာရီက အနော်ရထာနှင့် ကျန်စစ်သားစစ်ကြောင်းများ၌ တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ စင်တင်တေးဂီတနှင့် မြဝတီ အငြိမ့်တို့ဖြင့်လည်းကောင်း၊ ဘုရင့်နောင်နှင့် အောင်ဇေယျစစ်ကြောင်းများ၌ အမှတ်(၁) နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စင်တင်တေးဂီတနှင့် မျက်လှည့်တို့ဖြင့်လည်းကောင်း၊ ဆင်ဖြူရှင် စစ်ကြောင်း၌ အမှတ်(၂) နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စင်တင်တေးဂီတနှင့် နဝရတ်ကိုးသွယ် အငြိမ့်တို့ဖြင့်လည်းကောင်း၊ ဗန္ဓုလနှင့် မြဝတီ စစ်ကြောင်းများ၌ အမှတ်(၃) နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စင်တင်တေးဂီတနှင့် ဟာသတို့ဖြင့်လည်းကောင်း အသီးသီး ဖျော်ဖြေတင်ဆက်ကြရာ စစ်ကြောင်းကြီးများမှ စစ်ကြောင်းမှူးများ၊ တပ်ရင်းမှူးများနှင့် အရာရှိ၊ စစ်သည်များက ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား ပူဇော်ပွဲ

ရန်ကုန်မြို့ ရွှေတိဂုံဘုရားအရှေ့ ဘက်မုခ်အနီးရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ လေးတောင် နယ်သူနယ်သားများ စုပေါင်း၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လေးတောင် နွယ်ဖွား သံဃာတော် ငါးပါးအား ထပ်ဆင့်ချီးကျူး ပူဇော်ပွဲကို မတ် ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ အလှူငွေထည့်ဝင်လိုသူများ ဦးတင်ညွန့် ဖုန်း-၆၆၆၆၄၂ နှင့် ဦးသန်းဖေ ဖုန်း-၆၆၃၈၄၁ ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ခုနစ်ရက် တရားစခန်း

ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ဇေတဝန်ကျောင်းတိုက်တွင် မိုးကုတ်ဝိသနာအဖွဲ့က မတ် ၄ ရက်(တနင်္ဂနွေနေ့)မှ မတ် ၁၀ ရက်(စနေနေ့)အထိ ခုနစ်ရက်တရားစခန်း ကျင်းပမည်ဖြစ်ရာ တရားအားထုတ်လိုသူ ယောဂီသူတော်စင်များအား ဖိတ်ကြားထားကြောင်းနှင့် အဆိုပါ တရားစခန်းပွဲတွင် ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ အင်းစိန်မြို့နယ် ခဝဲခြံ(၂)လမ်း အောင်တော်မူ မိုးကုတ်ဝိပဿနာကျောင်းတိုက်မှ အရှင်ဣန္ဒာစရိယ (ဓမ္မာစရိယ) ကိုယ်တိုင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကြွရောက်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုနေ့အကြောင်း ဟောပြော

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဟောပြောပွဲကို မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေအရှေ့ရပ် အထက(၁)တွင် ဖေဖော်ဝါရီ ၉ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးရဲမြင့်က အမှာစကားပြောကြားပြီး ဆရာမ ဒေါ်ခိုင်ဝေသော်က ပြည်ထောင်စုနေ့အကြောင်း သိကောင်းစရာများ ဟောပြောခဲ့သည်။

စာအုပ်ပြပွဲ ကျင်းပ

စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ကြီးမှူးကျင်းပသည့် စာအုပ်ပြပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ရက်က ပုလဲမြို့နယ် ပြန်/ဆက်ရုံးတွင်ကျင်းပရာ မုံရွာခရိုင် ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်သောင်းသောင်းဝင်းက စာအုပ်ပြပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ချင်းရွှေဟော် ပြန်/ဆက်ရုံးသစ် ဖွင့်လှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း) ချင်းရွှေဟော်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်က အဆိုပါရုံးသစ်၌ ကျင်းပရာ ရုံးသစ်အား ခရိုင်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် ကွမ်းလုံခရိုင် ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်နန်းမြမြဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ရိုးရာဝတ်စားဆင်ယင်မှု ပြပွဲကျင်းပ

မကွေးတိုင်း ရေနံချောင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုပြပွဲကို ဖေဖော်ဝါရီ ၁၁ရက်က စက်မှုလက်မှုသိပ္ပံကျောင်း(ရေနံချောင်း)၌ ကျင်းပရာ မြို့ပေါ်ရှိရပ်ကွက် ၁၄ရပ်ကွက်မှ အမျိုးသမီးများ ပါဝင်ယှဉ်ပြိုင်ကြရာ ပထမဆုကို စက်မှုလက်မှုသိပ္ပံ ပထမနှစ်ကျောင်းသူ မအေးချမ်းမွန်က ရရှိခဲ့သည်။

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

သရက်တောအမကသို့ ကျပ်၁၀ သိန်းလှူဒါန်း

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းလှူဒါန်းသော ငွေကျပ် ၁၀ သိန်းကို မတ္တရာမြို့နယ် အမှတ်(၂၆) သရက်တောအမကကျောင်းသို့ လွှဲပြောင်းလှူဒါန်းပွဲကို ဇန်နဝါရီ ၁၅ရက်က အဆိုပါကျောင်း၌ကျင်းပရာ ဝန်ကြီးကိုယ်စား မြို့နယ်အသင်း အတွင်းရေးမှူး ဦးဂျွန်က ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်နှင့် ရပ်မိရပ်ဖ ဦးလှမောင်ထံ လွှဲပြောင်းလှူဒါန်းခဲ့သည်။

မီးဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ကချင်ပြည်နယ် မိုးကောင်းမြို့ စည်ပင်သာယာဈေးတွင် ဇန်နဝါရီ ၂၃ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးငွေလွင်စိုး ဦးဆောင်သော ဝန်ထမ်းများနှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

ကျေးရွာချင်းဆက်လမ်း ဂဝံလမ်းခင်း

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ စည်ပင်သာယာရေးအဖွဲ့က ကံ့ကော်မြိုင်ကျေးရွာမှ သဇင်မြိုင်ကျေးရွာသို့ ကျေးရွာချင်းဆက်လမ်း အရှည် ၂မိုင်၊ အကျယ် ၁၂ပေအား ဂဝံလမ်းခင်း ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၃၀ ရက်က အင်ဂျင်နီယာမှူး ဦးသိန်းမြင့် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကြက်ငှက်တုပ်ကွေးရောဂါ နိုးစမ်းရှာဖွေ

ဧရာဝတီတိုင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဖေဖော်ဝါရီ ၁၄ရက်က ဘိုကလေးမြို့နယ်အတွင်းရှိ စီးပွားဖြစ်မွေးမြူရေး ကြက်ခြံများ၊ ကြက်ဘဲအဝယ်ဒိုင်များ၊ တစ်နိုင်မွေးမြူရေးခြံများ၊ မိန်းမလှကျွန်း ဘေးမဲ့ကြိုးဝိုင်းအတွင်းရှိ ဆောင်းခိုငှက်များအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနိုင်မှုအခြေအနေ ကူးစက်နိုင်မှုလမ်းကြောင်းများအား တိုင်းဦးစီးမှူး ဦးခင်မောင်ဝင်းနှင့် အဖွဲ့တို့က ကွင်းဆင်းစစ်ဆေး ရှာဖွေမှုများ ပြုလုပ်ခဲ့ကြသည်။

ထမနဲထိုးပြိုင်ပွဲ ကျင်းပ

ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်အဆင့်မြင့် ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ၏ ဌာနအလိုက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဇန်နဝါရီ ၂၇ရက်က စက်ရုံနယ်မြေ ဝိဇယ-မင်္ဂလာဓမ္မာရုံအနီး၌ ကျင်းပရာ စက်ရုံရှိ ဌာနပေါင်းစုံမှ အဖွဲ့ ၁၈ဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

နွေရာသီစစ်တုရင် သင်တန်းများဖွင့်မည်

၂၀၀၇ခုနှစ် နွေရာသီ စစ်တုရင် အခြေခံသင်တန်းများကို အားကစားနှင့် ကာယပညာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မတ်၁၂ရက်မှ ဧပြီ ၆ရက်အထိ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် (အောင်ဆန်း အားကစား ပြိုင်ကွင်း)၊ ဗိုလ်တထောင် အထက(၆)နှင့် စမ်းချောင်းအမက(၁၃)တို့၌ ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများသည် အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးဝင်းမြင့်ဦး ဖုန်း-၇၂၅၉၆၉၊ ဦးတင်ငွေ ဖုန်း-၀၉-၈၀-၃၃၄၁၁ နှင့် ဆရာဦးစံထွေး ဖုန်း-၂၄၅၄၆၂ တို့ထံ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ရင်ခုန်လှုပ်ရှား ရုပ်ရှင်ကြယ်ပွင့်တို့၏ ရင်ဖွင့်စကားသံများ



ရန်ကုန် ဖေဖော်ဝါရီ ၂၈

၂၀၀၅ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီ) ဆုပေးပွဲအခမ်းအနားကို နေပြည်တော်၌ မတ် ၅ ရက် (တနင်္လာ)တွင် ထူးခြားခမ်းနားစွာ ကျင်းပတော့မည်ဖြစ်သည်။ တစ်နိုင်ငံလုံးမှ ရုပ်ရှင်ပရိသတ်များလည်း မည်သူတွေ အကယ်ဒမီဆု ရရှိကြမည်ကို ရင်ခုန်စွာ မျှော်လင့်နေကြပေပြီ။ ထို့အတူ ရုပ်ရှင်သရုပ်ဆောင်များကလည်း တစ်နှစ်တာလုံး ကြိုးစားသရုပ်ဆောင်ခဲ့မှုအပေါ် အကယ်ဒမီဆုဖြင့် ချိန်ထိုးကာ စိတ်လှုပ်ရှားလျက်ရှိနေကြသည်။

ထိုသို့ ရင်ခုန်လှိုက်မောဖွယ်ရာ ကောင်းသော ရုပ်ရှင်အကယ်ဒမီဆုနှင့် ပတ်သက်ပြီး မြန်မာ့အလင်း ပရိသတ်ကြီး ရင်ခုန်သံချင်းညှိ၍ ရနိုင်ရေးအတွက် အကယ်ဒမီဆုရရန်ရေပန်းစားနေသော ရုပ်ရှင်သရုပ်ဆောင်များနှင့် သွားရောက်တွေ့ဆုံကာ ၎င်းတို့၏ အကယ်ဒမီအကြိုရင်ခုန်သံများကို မြန်မာ့အလင်း ပရိသတ်အတွက် စုစည်းဖော်ပြလိုက်ရပါသည်။

တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး(မြန်မာ့အလင်း)

သရုပ်ဆောင်ထွန်းထွန်းဝင်း

"အကယ်ဒမီဆုအတွက် ကြားရတာတော့ အများကြီးပါပဲ၊ ဒီလိုပဲ သတင်းကြားပြီး လွဲသွားတာတွေလဲ

"အကယ်ဒမီဆုဟာ တကယ့်ကို စိတ်လှုပ်ရှားစရာ ကောင်းပါတယ်"
သရုပ်ဆောင်-ထွန်းထွန်းဝင်း

ရှိတယ်၊ ကျွန်တော့်ရုပ်ရှင်ကားတွေက **'ဆဋ္ဌဂံ'** နဲ့ **'အချစ်နယ်စပ်အမုန်းမြို့ရိုး'** တွေမှာ ဇာတ်ပို့အဖြစ် အခန်းနည်းနည်းပါ၊ ရတဲ့အခန်းမှာ အားထည့်သရုပ်ဆောင်ထားပါတယ်၊ အကယ်ဒမီက တကယ့်ကို စိတ်လှုပ်ရှားစရာကောင်းပါတယ်"ဟု သရုပ်ဆောင် ထွန်းထွန်းဝင်းက မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

သရုပ်ဆောင် ထွန်းထွန်းဝင်းမှာ ၂၀၀၀ ပြည့်နှစ်က **'နှောင်ထုံးဖွဲ့ မေတ္တာ'** ရုပ်ရှင်ဖြင့် အမျိုးသားဇာတ်ပို့ဆု ရရှိခဲ့သူလည်း ဖြစ်သည်။

ရုပ်ရှင်သရုပ်ဆောင်လူမင်း

"ဒီနှစ်မှာ ကျွန်တော့်ရုပ်ရှင်ဇာတ်ကားနှစ်ကားရှိတယ်။ **'ကျန်စစ်မင်း'** နဲ့ **'ချစ်သော အရိမဒ္ဒနပူရ၏ မဟာအောင်ပွဲ'** တွေပါ။ **'ကျန်စစ်မင်း'** ရုပ်ရှင်ကားမှာ ကျွန်တော်ကိုယ်တိုင် တစ်ဦးတည်း ခေါင်းခံလုပ်ထားပြီး ကြိုးစားတင်ပြထားပါတယ်။ ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ အားထည့်ရိုက်ကူးခဲ့ရတာမို့ ထိုက်တန်တဲ့ မျှော်မှန်းချက်တော့ ထားနေပါတယ်။ **'ချစ်သော အရိမဒ္ဒနပူရ၏ မဟာအောင်ပွဲ'** ရုပ်ရှင်ဇာတ်ကားမှာတော့ ကျွန်တော်က သရုပ်ဆောင်သူ တစ်ဦးအနေနဲ့ ပါဝင်ထားတာပါ။ ဒါရိုက်တာအကြိုက် သရုပ်ဆောင်နိုင်ခဲ့လို့ ဒီကားလဲ ကျေနပ်အားရပါတယ်"ဟု သရုပ်ဆောင် လူမင်းက မျှော်လင့်ချက်များစွာဖြင့် မြန်မာ့အလင်းသို့ ဖြေကြားသွားသည်။

ဆွတ်ခူးခဲ့

သရုပ်ဆောင် လူမင်းသည် ရုပ်ရှင်အနုပညာသက်တမ်း ၁၅ နှစ်ကျော်ရှိပြီဖြစ်ပြီး အကောင်းဆုံး ရုပ်ရှင်သရုပ်ဆောင်ဆုကို ၂၀၀၂ ခုနှစ်က **'ရွှေမှုန်ကြဲတဲ့ မိုးကောင်းကင်'** ရုပ်ရှင်ဇာတ်ကားဖြင့် အကယ်ဒမီဆုကို ဆွတ်ခူးခဲ့သူလည်းဖြစ်သည်။

သရုပ်ဆောင်နှင့်ထုတ်လုပ်သူ မြင့်မြင့်ခိုင်

"ကျွန်မတို့ စိမ်း၊ဝါ၊နီ ရုပ်ရှင်ထုတ်လုပ်ရေးက ဒီနှစ်မှာ**'ဆဋ္ဌဂံ'**ရုပ်ရှင်ကားတစ်ကားပါတယ်၊ အကယ်ဒမီနဲ့ပတ်သက်ပြီး မျှော်တော့ မျှော်လင့်နေတာပါပဲ၊ ကြိုတင်ခံစားရလို့ သိပ်လဲမမှန်းထားပါဘူး၊ အခုအချိန်မှာ သိတဲ့အတိုင်း မှန်းဆသတင်းတွေက အများကြီးထွက်နေတယ်လေ၊ ထိုက်တန်တဲ့သူတွေ ရစေချင်ပါတယ်" ဟု သရုပ်ဆောင်နှင့် ထုတ်လုပ်သူ ဒေါ်မြင့်မြင့်ခိုင်က သူ့ခံစားမှုကို ပြောကြားသွားသည်။

"ကြိုတင်ခံစားရလို့ သိပ်မမှန်းရဲပါဘူး"
သရုပ်ဆောင်နှင့်ထုတ်လုပ်သူ
မြင့်မြင့်ခိုင်

ဒေါ်မြင့်မြင့်ခိုင်သည် ၁၉၉၂ ခုနှစ်က **'သမီးနှင့်အမေများ'**နှင့် ၁၉၉၇ ခုနှစ်ကလည်း **'အောင်မြင်သောနေ့'** ရုပ်ရှင်ကားတို့ဖြင့် အကယ်ဒမီဆုများ ရရှိခဲ့သူဖြစ်သည်။

ရုပ်ရှင်သရုပ်ဆောင်ကျော်ရဲအောင်

"ကျွန်တော် ပါဝင်သရုပ်ဆောင်ထားတဲ့ ရုပ်ရှင်က ဒီနှစ်မှာ **'အချစ်နယ်စပ် အမုန်းမြို့ရိုး'** ရုပ်ရှင်ကားပါ။ ဒွေးရဲ့ သူငယ်ချင်းအဖြစ် သရုပ်ဆောင်ထားပြီး အိန္ဒြာကျော်ဇင်၊ နဝရတ်၊ ဒေါ်နွဲ့နွဲ့စန်းစတဲ့ သရုပ်ဆောင်တွေနဲ့ မိသားစု ရုပ်ရှင်ဇာတ်ကားဆိုတော့ အကယ်ဒမီကို နှလုံးတုန်ရင်ခုန်ရလွန်းလို့ ခံစားမှုတွေ လျှော့ထားရပါတယ်။ သတင်းတွေကတော့ ထွက်နေတာ အစုံပါပဲ"ဟု မြန်မာ့အလင်း၏အမေးကို ဖြေကြားသွားသည်။

သရုပ်ဆောင်ကျော်ရဲအောင်သည် ရုပ်ရှင်လောကသို့ ၁၉၉၆ ခုနှစ်က စတင်ဝင်ရောက်ခဲ့သူဖြစ်ပြီး ရုပ်ရှင်ဇာတ်ကားပေါင်း ၃၀ ကျော်ရိုက်ခဲ့ပြီးသူလည်းဖြစ်သည်။ ကျော်ရဲအောင်သည် **'သားသမီးဧနီးကြင်ရာ'** ရုပ်ရှင်ဇာတ်ကားဖြင့် ၁၉၉၆ ခုနှစ်က အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆု ရရှိခဲ့သူလည်းဖြစ်သည်။

သရုပ်ဆောင်နန္ဒာလှိုင်

ဒီနှစ်မှာ **'ချစ်သောအရိမဒ္ဒနပူရ၏ မဟာအောင်ပွဲ'** နဲ့ **'ပုဂံပြည်ကပန်းနဲ့သာ'** ရုပ်ရှင်နှစ်ကားမှာ သရုပ်ဆောင်ထားတာတော့ရှိတယ်။ နှစ်ကားစလုံးအစွမ်းကုန် ကြိုးစားထားပါတယ်။

အကယ်ဒမီဆုကတော့ မမျှော်မှန်းရဲပါဘူး။ မျှော်လင့်ပြီးမရခဲ့ရင် ပိုပြီးရင်မောရပါတယ်။ ဒီနှစ်မှာ နန္ဒာ့ထက် ပိုပြီးကောင်းတဲ့၊ ပိုပြီးတော်တဲ့ သရုပ်ဆောင်တွေလဲ အများကြီးရှိနေတော့ သူတို့တွေရရင်လဲ နန္ဒာတို့ ပျော်ရတာပါပဲ။ အကယ်ဒမီရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ နန္ဒာကိုချစ်တဲ့ ပရိသတ်ကြီးရဲ့ ချစ်ခင်အားပေးမှုရမယ်ဆိုရင် ကျေနပ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ဖြေကြားသွားသည်။

သရုပ်ဆောင်နန္ဒာလှိုင်သည် ရုပ်ရှင်အနုပညာနယ်ပယ်သို့ ၁၉၉၆ခုနှစ်က **'မြားနတ်သျှင်'**ဗီဒီယိုဇာတ်ကားဖြင့် စတင်ဝင်ရောက်ခဲ့ပြီး ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားပေါင်းများစွာ ရိုက်ကူးခဲ့ပြီးသူလည်းဖြစ်သည်။ နန္ဒာလှိုင်သည် **'ရွှေနံ့သာစံအိမ်'**ရုပ်ရှင်ကားဖြင့် အမျိုးသမီးဇာတ်ပို့ဆု ရရှိခဲ့သူဖြစ်သည်။

သရုပ်ဆောင် နိုင်းနိုင်း

"အကယ်ဒမီဆုဆိုတာ ရုပ်ရှင်သရုပ်ဆောင်တိုင်း လိုချင်တဲ့ဆုပါ၊ ရုပ်ရှင် အနုပညာရှင်တစ်ဦး အတွက် မှတ်တိုင်တစ်ခုလဲဖြစ်ပါတယ်၊ ကိုယ်

"အကယ်ဒမီဆုဆိုတာ သရုပ်ဆောင်တိုင်း လိုချင်တဲ့ဆုပါ"
သရုပ်ဆောင်-နိုင်းနိုင်း

တိုင်လဲ အကယ်ဒမီဆုကို လိုချင်သူဆိုတော့ သူများတွေ အကယ်ဒမီဆုပေးတဲ့အခါ တက်ရောက်အားပေးပါတယ်၊ အကယ်ဒမီပွဲကို နှစ်တိုင်းတက်ပြီး မျှဝေခံစားရတာပေါ့၊ ကိုယ်တိုင်လဲ ကြိုးစားနေပါတယ်၊ အကယ်ဒမီဆုကို အနုပညာလမ်းခရီးမှာ မှတ်တိုင်တစ်ခုအနေနဲ့ စိုက်ထူချင်တဲ့ဆန္ဒလဲရှိပါတယ်"ဟု နိုင်းနိုင်းက အကယ်ဒမီနှင့်ပတ်သက်သည့် သူ့ခံစားမှုကို ရင်ဖွင့်သွားသည်။

ရုပ်ရှင်သရုပ်ဆောင်လွင်မိုး

"ဒီနှစ်မှာ ကျွန်တော်သရုပ်ဆောင်ထားတဲ့ရုပ်ရှင် ခြောက်ကားရှိတယ်။ ဒီရုပ်ရှင်ခြောက်ကားစလုံးမှာ ကြိုးစားပြီး သရုပ်ဆောင်ခဲ့ပေမယ့် မနှစ်က **'တစ်ခါကဧရာဝတီညများ'** ရုပ်ရှင်လို စိတ်တိုင်းမကျခဲ့ဘူး။ ဒါကြောင့်လဲ ဒီနှစ်အကယ်ဒမီကို ကျွန်တော် သိပ်မမျှော်မှန်းထားတာပါ။ ဒါပေမယ့်လဲ မမျှော်မှန်းထားတဲ့နှစ်မှာ အကယ်ဒမီရတတ်တာမျိုးလဲရှိတယ်။ ဥပမာ-ကျွန်တော်အကယ်ဒမီ မမျှော်မှန်းထားတဲ့နှစ်မှာ **'ပန်းတစ်ပွင့် ဖန်ဆင်းခြင်း'**ဆိုတဲ့ ရုပ်ရှင်ကားနဲ့ အကယ်ဒမီဆုရခဲ့ဖူးတယ်။ ဒါကြောင့် အကယ်ဒမီက မှန်းလို့သိပ်မရပါဘူး"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

အကယ်ဒမီဆုနှင့် ပတ်သက်၍လည်း သရုပ်ဆောင်လွင်မိုးက "လူတစ်ဦးဟာ သူတတ်ကျွမ်းတဲ့ ပညာရပ်မှာ ဆုတစ်ခုခုချီးမြှင့်ခံရရင် ဒီဆုရဲ့ အကျိုးသက်ရောက်မှုကြောင့် ဆုနဲ့တန်တဲ့အနေအထိုင် အပြောအဆိုတွေ သေသေသပ်သပ်ဖြစ်သွားအောင်ပြောင်းလဲပေးသွားနိုင်တယ်။ ကိုယ်ကျင့်သိက္ခာအပိုင်း၊ အကျင့်စာရိတ္တအပိုင်းတွေလဲ ထိန်းသွားနိုင်တယ်၊ အကယ်ဒမီဆုဟာ လေးနက်ပါတယ်" ဟုပြောကြားသွားသည်။

သရုပ်ဆောင်လွင်မိုးသည် ၁၉၈၉ ခုနှစ်မှ စတင်ကာ ရုပ်ရှင်နယ်ပယ်သို့ ဝင်ရောက်ခဲ့ပြီး ရုပ်ရှင်ကား ၄၀ကျော်၌ ပါဝင်သရုပ်ဆောင်ခဲ့သူလည်းဖြစ်သည်။

'ရင်ထဲကဆောင်းရာသီ'၊ **'ပန်းတစ်ပွင့်ဖန်ဆင်းခြင်း'**နှင့် **'တစ်ခါကဧရာဝတီညများ'** ရုပ်ရှင်ကားများဖြင့် အမျိုးသားဇာတ်ဆောင်ဆုရရှိခဲ့ပြီးသူလည်းဖြစ်သည်။

သရုပ်ဆောင် ခိုင်သင်းကြည်

"ဒီနှစ်မှာ ကျွန်မ ရုပ်ရှင်နှစ်ကားရှိတယ်။ ဒါရိုက်တာ ဦးတင်ယုရဲ့ **'မိုးကုပ်စက်ဝိုင်းကို ကျော်လွန်၍'**နဲ့ ဒါရိုက်တာ ကိုဇော်(အရဏ်ဦး) ရိုက်ကူးတဲ့ **'ပျော်လိုက်ကြရအောင်'** ရုပ်ရှင်တွေပါ။ ဒီနှစ်အကယ်ဒမီဆုကို ပရိသတ်တွေက ရစေချင်တဲ့အတွက် ပရိသတ်ကို ကျေးဇူးတင်ပါတယ်။ ကြိုးစားပြီး သရုပ်ဆောင်ခဲ့လို့ အကယ်ဒမီရချင်တဲ့ ဆန္ဒလဲဖြစ်ပေါ်နေပါတယ်။ ဒါပေမယ့် မရခဲ့ရင်လဲကြိုးစားဖို့ လိုနေသေးလို့ မရသေးတာပဲဆိုပြီး စိတ်ကိုဖြေထားပါတယ်" ဟု ခိုင်သင်းကြည်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

ခိုင်သင်းကြည်သည် ၁၉၉၂ခုနှစ်မှ စတင်ကာ ကြော်ငြာ၊ ပြက္ခဒိန်များနှင့်ပရိသတ်ရရှိခဲ့ပြီး ရုပ်ရှင်မရိုက်ဘဲနေ

"အကယ်ဒမီဆုကို ရချင်တဲ့ဆန္ဒ ရှိပေမယ့် မရခဲ့ရင်လဲ ကြိုးစားဖို့ လိုအပ်နေသေးတယ်"လို့ စိတ်ကို ဖြေထားပါတယ်။
သရုပ်ဆောင်-ခိုင်သင်းကြည်

ခဲ့ရာမှ ငါးနှစ်ခန့်အကြာမှသာ ရုပ်ရှင်ရိုက်ခဲ့ခြင်းဖြစ်သည်။ ခိုင်သင်းကြည်၏ ပထမ ရုပ်မြင်သံကြားဇာတ်လမ်းမှာ **'မိုးယံသို့ လွင့်ပျံမည့်ကေသရာဇာတို့၏ အားမာန်'**(မပွတ်ကျွတ်)ဖြစ်ပြီး ရုပ်ရှင်အနုပညာသက်တမ်း ၁၀ နှစ်ခန့်ရှိပြီဖြစ်သည့် ခိုင်သင်းကြည်က "သူ့အနေဖြင့် ၁၉၉၅ ခုနှစ်နှင့် ၁၉၉၆ ခုနှစ်များက အကယ်ဒမီဆုပေးပွဲများမှ စတင်ကာ အကယ်ဒမီဆုရုပ်တုဇန်းများကိုကိုင်ဆောင်ပေးခဲ့၍ ကျိန်းကျေနေသလား မသိပါဘူး"ဟူ၍ ရယ်ရယ်မောမောဖြင့် မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

သရုပ်ဆောင်ထွန်းအိန္ဒြာဗို

"သတင်းတွေအများကြီးထွက်နေပေမယ့် အကယ်ဒမီဆုကို မမှန်းရဲပါဘူး၊ စိတ်လျှော့ထားပါတယ်။ အရင်နှစ်တွေကလဲ ဒီလိုပဲ သတင်းတွေ ထွက်ခဲ့ဖူးတယ်လေ။ အကယ်ဒမီဆုကို လိုချင်ပေမယ့် လွဲရတဲ့ခံစားမှု အတွက်လဲ ကြိုတင်ပြင်ဆင်ထားပါတယ်။ ဒီနှစ်အတွက် ရုပ်ရှင်နှစ်ကားရှိတယ်။ **'ဆဋ္ဌဂံ'** နဲ့ **'မိုးကုပ်စက်ဝိုင်းကို ကျော်လွန်၍'** ရုပ်ရှင်ဇာတ်ကားတွေပါ။

'ဆဋ္ဌဂံ' ရုပ်ရှင်ဇာတ်ကားမှာ မိန်းမကြမ်းတစ်ဦးအနေနဲ့ သရုပ်ဆောင်ထားပြီး **'မိုးကုပ်စက်ဝိုင်းကို ကျော်လွန်၍'** ရုပ်ရှင်ဇာတ်ကားမှာ ပညာတတ် စိတ္တဇမိန်းမတစ်ဦးအဖြစ် သရုပ်ဆောင် ထားပါတယ်၊ အကယ်ဒမီဆုကတော့ ရုပ်ရှင်သရုပ်ဆောင်တိုင်း လိုချင်တဲ့ဆုပဲလေ"ဟု မြန်မာ့အလင်းသို့ ဖြေကြားသွားသည်။

ရုပ်ရှင်သရုပ်ဆောင် ထွန်းအိန္ဒြာဗိုသည် ရုပ်ရှင်အနုပညာနယ်ပယ်သို့ ၁၉၉၁ ခုနှစ်၌ စတင်ဝင်ရောက်ခဲ့သူဖြစ်ပြီး ရုပ်ရှင်သက်တမ်း ၁၆ နှစ်ခန့်ရှိပြီဖြစ်သည်။ ထွန်းအိန္ဒြာဗိုသည် ၁၉၉၉ ခုနှစ်က **'နှောင်းတမြေ့မြေ့'** ရုပ်ရှင်ဇာတ်ကားဖြင့် သရုပ်ဆောင် အကယ်ဒမီဆုနှင့် ၂၀၀၃ ခုနှစ်က **'အမေ့နို့ဖိုး'** ရုပ်ရှင်ဇာတ်ကားဖြင့် သရုပ်ဆောင် အကယ်ဒမီဆု ဆွတ်ခူးရရှိခဲ့သူတစ်ဦးလည်းဖြစ်သည်။

ပြည်သူ့အချစ်တော် ရုပ်ရှင်အနုပညာရှင်များ၏ အကယ်ဒမီနှင့် ပတ်သက်သော ခံစားမှုအစုစုကို အကယ်ဒမီအကြို ရင်ခုန်သံအဖြစ် မြန်မာ့အလင်း သတင်းအဖွဲ့ကွင်းဆင်းတွေ့ဆုံမေးမြန်းရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

ဖေဖော်ဝါရီ ၂၃ ရက်က ဒဂုံမြို့နယ် အလက(၂)၌ အလှူရှင် ဦးဇော်မိုးအောင်-ဒေါ်အိခိုင်ကျော်ဝင်း သမီး မယုမြတ်သီရိအောင်(G-3.A)၏ မွေးနေ့အလှူအဖြစ် ကျောင်းကျန်းမာရေးအာဟာရ နွားနို့နှင့် ပေါင်မုန့် ကျွေးမွေးလှူဒါန်းစဉ်။
(က-ပ)

မီးလောင်ကျွမ်းမှုဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ဧရာဝတီတိုင်း ကြံခင်းမြို့ ရွာသစ်ရပ်ကွက် သာယာကွက်သစ်ရှိ အိမ်ရှင်ဦးရဲနိုင်(ခ)ဦးတင်ဝင်းထွဋ်၏နေအိမ်၌ ဖေဖော်ဝါရီ ၂၇ရက် နံနက် ၁၁ နာရီခန့်တွင် ထမင်းအိုးတည်ရာမှ မီးလောင်ကျွမ်းမှု ဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင် ၆၀ ကျော်ဖြင့် စုပေါင်းမီးငြိမ်းသတ်ခဲ့သဖြင့် မီးငြိမ်းသွားခဲ့ပြီး တဲအိမ် ၁၅ လုံးမီးလောင်ကျွမ်းခဲ့ကာ လူ ၆၂ ဦး အိုးမဲ့ အိမ်မဲ့ဖြစ်ခဲ့ရသည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ပုံပါကျင်မြို့ နမ့်ယွန်းရွာ၌ ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၃ နာရီခွဲခန့်တွင် တောမီးမှတစ်ဆင့် မီးလောင်ကျွမ်းမှု ဖြစ်ပွားရာ အိမ်ခြေ ၃၀ ခန့် မီးကူးစက် လောင်ကျွမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

တရုတ်ရထားတစ်စင်း လေပြင်းတိုက်၍တိမ်းမှောက်

ရှင်ကျန်း ဖေဖော်ဝါရီ ၂၈

တရုတ်နိုင်ငံအနောက်တောင်ပိုင်း၌ တွဲ ၁၁ တွဲပါသော ခရီးသည်တင်ရထားတစ်စင်းသည် လေပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် တိမ်းမှောက်ခဲ့ရာ လူလေးဦးသေဆုံးပြီး ၃၀ ဒဏ်ရာရရှိသွားကြောင်း ဖေဖော်ဝါရီ ၂၈ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါ ရထားသည် ဖေဖော်ဝါရီ၂၈ရက် ဂရင်းနစ်စံတော်ချိန် ၁၁နာရီနှင့် ကိုးမိနစ်တွင် တရုတ်နိုင်ငံအနောက်တောင်ပိုင်း ရှင်ကျင့်ဒေသ တာပန်ဘူတာမှ ထွက်ခွာလာပြီး မကြာမီ မုန်တိုင်း တိုက်ခတ်ခံရသဖြင့် ယင်းကဲ့သို့ တိမ်းမှောက်သွားကြောင်း သိရသည်။ (အောက်ပုံ)

ယင်းရထားသည် ရှင်ကျင့်ပြည်နယ်၏ မြို့တော်အူရမ်ကျီမြို့နှင့် ရှင်ကျင့်တောင်ပိုင်း အတ်ဆုမြို့တို့အကြား ပြေးဆွဲသော ခရီးသည်တင်ရထားဖြစ်ကြောင်း သိရသည်။

ရထား တိမ်းမှောက်မှုကြောင့် ထိခိုက်ဒဏ်ရာရသူများအား ကယ်ဆယ်ရေးအဖွဲ့ဝင်များက နီးစပ်ရာ ဆေးရုံများသို့ တင်ပို့ပေးခဲ့သည်ဟုဆိုသည်။
(အင်တာနက်)

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရခိုင်ပြည်နယ် ဖွံ့ဖြိုးမှုကြည့်ရှုစစ်ဆေး မိုးစပါး၊ နွေစပါး တိုးတက်စိုက်ပျိုး ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရန် မှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ရခိုင်ပြည်နယ် ရသေ့တောင်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၈ နာရီခွဲတွင် ရသေ့တောင်မြို့မှ မလိခအမြန်ရေယာဉ်ဖြင့် ပုဏ္ဏားကျွန်းမြို့နယ် ပိုးရှိုပြင် စံပြကျေးရွာသို့ ရောက်ရှိပြီး အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ပုဏ္ဏားကျွန်းမြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ထိုသို့ တွေ့ဆုံရာတွင် ရှေးဦးစွာ ပုဏ္ဏားကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝေမျိုးခိုင်က မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မှုများကိုလည်းကောင်း၊ ပိုးရှိုပြင်စံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းတင်မောင်က ကျေးရွာ၏ စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

အလှူငွေပေးအပ်

ထို့နောက် အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်မှူးချုပ် မောင်ရှိန်တို့က ပိုးရှိုပြင်စံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း အတွက်အလှူငွေကျပ်ငါးသိန်း၊ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ၊ တိုက်နယ်ဆေးရုံ ဆောက်လုပ်ရေး အတွက် အလှူငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာကျောင်းအုပ်ဆရာကြီး ဦးမောင်တင်နှင့်ကျန်းမာရေးမှူး ဦးကျော်သိန်းတို့က လက်ခံကြသည်။

ယင်းနောက် ပိုးရှိုပြင်စံပြကျေးရွာ ဒေသခံပြည်သူများက စုပေါင်းလှူဒါန်းသော အခြေခံပညာ အထက်တန်းကျောင်းအတွက် အလှူငွေကျပ် ငါးသိန်းနှင့် တိုက်နယ်ဆေးရုံဆောက်လုပ်ရန် အလှူငွေကျပ် ငါးသိန်းတို့ကို ဒေသခံပြည်သူများကိုယ်စား ကျောင်းအကျိုးတော်ဆောင် ဦးကျော်ဝင်းမောင်နှင့် ဆေးရုံဖြစ်မြောက်ရေးကော်မတီမှ ဦးဦးခင်မောင်တို့က ပေးအပ်လှူဒါန်းကြရာကျောင်းအုပ်ဆရာကြီးနှင့်ကျန်းမာရေးမှူးတို့က လက်ခံကြသည်။

ထို့နောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး စံပြကျေးရွာ ဖွံ့ဖြိုးစည်ပင်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပိုးရှိုပြင်စံပြကျေးရွာမှ မလိခ အမြန်ရေယာဉ်ဖြင့် စန်းကားကျေးရွာသို့ ရောက်ရှိကြ၍ အခြေခံပညာမူလတန်းကျောင်း၌ မူလတန်းကလေးငယ်များ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့် အတူ စန်းကားကျေးရွာ ဖွံ့ဖြိုးစည်ပင်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တောင်စောင်းများတွင် ဒေသခံတိုင်းရင်းသားများ စိုက်ပျိုးထားသော တညင်းနှင့် ငှက်ပျောကောင်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကာ စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် စန်းကားကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိကြပြီး ဆရာတော် ဘဒ္ဒန္တ ကဝိပီယအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် စန်းကားကျေးရွာမှ မလိခ အမြန်ရေယာဉ်ဖြင့် ထွက်ခွာ၍ စစ်တွေမြို့သို့ ညနေပိုင်းတွင် ရောက်ရှိသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးဗိုလ်မှူးချုပ်မောင်ရှိန်၊ စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်နှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၄ရက် နံနက် ၈နာရီခွဲတွင် စစ်တွေမြို့ အောင်တိုင်ကျေးရွာရှိချောင်းကိုပိတ်၍ စိုက်ပျိုးထားသော နွေစပါးကေ ၁၀၀ စိုက်ခင်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ စစ်တွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ထွင့်က မြို့နယ်ဆိုင်ရာအချက်အလက်များ၊ မိုးစပါးနှင့် နွေစပါးစိုက်ပျိုးဆောင်ရွက်မှု အခြေအနေနှင့် ရေပေါ်မြောင်းများ ပြုလုပ်စိုက်ပျိုးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

တိုးမြှင့်စိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ရခိုင်ပြည်နယ်မိုးစပါးကို ကျေးရွာတိုင်း၌ ၁၀ကေစီတိုးမြှင့်၍ တစ်နှစ်လျှင်ကေ ၅၀၀၀၀ရရှိအောင် စိုက်ပျိုးကြရန်နှင့် နွေစပါးကို မြို့နယ်တိုင်းကေ ၁၀၀စီ ချောင်းငယ်များကို ရေချိုရရှိအောင်ပြုလုပ်ပြီးချောင်းပိတ်၊ မြောင်းပိတ် အစီအစဉ်ဖြင့် စိုက်ပျိုးနိုင်ရေး စီမံကြရမည်ဖြစ်ကြောင်းဖြင့် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်ရှေ့၌ ခင်းကျင်းပြသထားသော သီးနှံရောဂါကာကွယ်ဆေးများနှင့် အီးအက်စ်ပူပါဘိုကာရှီ မြေဆွေး ပြုလုပ်ပုံ သရုပ်ပြမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့် အတူ အောင်တိုင်ကျေးရွာ စံပြစပါးစိုက်ခင်းကေ ၁၀၀ ၌ စုပေါင်းတမန်းနှီး၍ မြေသြဇာ ကြဲပက်ကြသည်ကို ကြည့်ရှုစစ်ဆေးသည်။

ညှိနှိုင်းဆောင်ရွက်ပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့် အတူ အောင်တိုင်ကျေးရွာ ချောင်းပိတ်၊ မြောင်းပိတ် ရေချိုကန်သို့ ရောက်ရှိကြပြီး ငါးပုစွန်မွေးမြူဖြစ်ထွန်းမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဦးထွန်းဝင်းမြင့်က အောင်တိုင်ရေချိုကန်သည် ၃၅၇ ဧကရှိပြီး တစ်နှစ်လျှင် ငါးပုစွန်ပိဿာ နှစ်သောင်းခန့်ထွက်ရှိကြောင်း၊ ၎င်းရေဖြင့် နွေစပါးဧက ၁၀၀ကိုလည်း စိုက်ပျိုးထားကြောင်း ရှင်းလင်းတင်ပြပြီး ကန်အတွင်း၌မွေးမြူထားသော ငါးပုစွန်များကို ပြသရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို မှာကြားညှိနှိုင်း ဆောင်ရွက်ပေးသည်။

စစ်တွေမြို့နယ်၌ နွေစပါးကို ၂၀၀၅–၂၀၀၆ခုနှစ်တွင် ဧက၅၀လျာထားရာ ဧက၁၅၀ စိုက်ပျိုးခဲ့ပြီး ၂၀၀၆–၂၀၀၇ခုနှစ်တွင် ဧက၁၅၀ လျာထားရာ ၂၈၅ဧကစိုက်ပျိုးပြီး ဖြစ်ကြောင်းသိရှိရသည်။ ရခိုင်ပြည်နယ်၌ နွေစပါးဧက ၂၂၅၀၀ဧက လျာထားရာ၂၀၁၄၁ဧက စိုက်ပျိုးပြီးစီးပြီး ရာသီကုန်တွင်လျာထားချက် ကျော်လွန်အောင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အက်ဖ်အေဖလား ပဉ္စမအကျော့ပြန်ကန်ပွဲ မန်ယူနှင့် မစ်ဒယ်ဘရော့တို့ အနိုင်ရရှိ

ကိုးကားတင်ပြသူ
မြင့်မောင်စိုး

မန်ယူအတွက် တတိယမြောက်ဂိုးကို ဆိုးလ်ရှားက ဤသို့ သွင်းယူလိုက်သည်။

(ဓာတ်ပုံ–အင်တာနက်)

လန်ဒန် ဖေဖော်ဝါရီ ၂၈

အက်ဖ်အေဖလား ပဉ္စမအကျော့ ပြန်ကန်ပွဲများကို ဖေဖော်ဝါရီ ၂၇ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ မန်ယူက ရက်ဒင်းကွင်း၌ သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရပြီး ကွာတားဖိုင်နယ်ပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

မန်ယူတို့ ပွဲစလျှင်စချင်း တိုက်စစ်အရှိန်ကို မြှင့်တင်ကစားခဲ့ရာ ပွဲချိန် ခြောက်မိနစ်အတွင်း မှာပင် သုံးဂိုး သွင်းယူနိုင်ခဲ့သည်။ မန်ယူအတွက် အဖွင့်ဂိုးကို ဂါဘရီရယ်ဟိန့်ဇ်က ပွဲစပြီး နှစ်မိနစ်မှာလည်းကောင်း၊ လေးမိနစ်တွင် ဆာဟာကလည်းကောင်း၊ ခြောက်မိနစ်တွင် ဆိုးလ်ရှားကလည်းကောင်း သွင်းယူနိုင်ခဲ့သည်။

ရက်ဒင်းအသင်း အတွက် ချေပဂိုးများကို ကစ်ဆွန်က ပွဲချိန် ၂၃ မိနစ်တွင်လည်းကောင်း၊ လီတာက ပွဲချိန် ၈၄ မိနစ်တွင်လည်းကောင်း သွင်းယူနိုင်ခဲ့သည်။ ယင်းပွဲတွင် မန်ယူတိုက်စစ်မှူးများ ဖြစ်ကြသည့် ရွန်နေနှင့် စီရိုနယ်ဒိုတို့သည် ပွဲပြီးခါနီးတွင် ဆာဟာနှင့် ဆိုးလ်ရှားတို့အစား ဝင်ကစားခဲ့သည်။

ဝက်စ်ဘရွန်း–မစ်ဒယ်ဘရော့

ဝက်စ်ဘရွန်းနှင့် မစ်ဒယ်ဘရော့ အသင်းတို့သည်လည်း အက်ဖ်အေ ပဉ္စမအကျော့ပွဲအဖြစ် ပြန်ကန်ကြရာ တစ်ဖက်တစ်ဂိုးစီ သရေကျနေ၍ ပယ်နယ်တီကန်ခဲ့ပြီးနောက် မစ်ဒယ်ဘရော့က ပယ်နယ်တီ ငါးဂိုး–လေးဂိုး ဖြင့် အနိုင်ရခဲ့သည်။

ကွာတားပွဲ

မန်ယူနှင့် မစ်ဒယ်ဘရော့တို့သည် မတ် ၁၀ ရက်၌ ကွာတားဖိုင်နယ်တွင် ဆုံတွေ့ကြမည်ဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာ့တစ်လွှား အားကစား

ကရဝိက် ဥယျာဉ်ကမ္ဘာ

မြန်မာ့ဓာတ်စာ အသိပညာ ဖြန့်ဖြူးမှု ဒါန

ဆရာကြီး **“ဦးသာဂဒိုး”** ရှင်းလင်းပြောပြမယ့်
သဘာဝအသီးအနှံများရဲ့ စွမ်းပကားနဲ့ အာနိသင်
၂–၃–၂၀၀၇ ရက် (သောကြာနေ့) – ကျောက်ဖရုံသီး၊ စူလာနဖာ၊ ပိစပ်။

ညနေ ၅:၀၀မှ ၆:၀၀။



မိတ္ထီလာ မြို့ပြသန့်ရှင်းသာယာလှပရေး ဆောင်ရွက်

မိတ္ထီလာ ဖေဖော်ဝါရီ ၂၀

စည်ပင်သာယာရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်သည် ဖေဖော်ဝါရီ ၁၃ ရက်က မိတ္ထီလာမြို့သို့ရောက်ရှိပြီး မြို့ရေပေးရေး ရေစက်ရုံအမှတ်(၁)မှ ရေပေးဝေနိုင်မှုအခြေအနေများကို စစ်ဆေးကြသည်။

ထို့နောက် မြို့ပြသန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှု အခြေအနေများကိုစစ်ဆေးပြီး ဈေးအနောက်ဘက်တွင် ယာဉ်စက်ယန္တရားဖြင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေဆိုးမြောင်း ဆယ်ယူရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။**(ဝဲပုံ)**

ဆက်လက်၍ ကန်တော်မင်္ဂလာခန်းမဝင်းအတွင်းရှိ မော်တော်ယာဉ် ဌာနစိတ်သို့ ရောက်ရှိပြီး ယာဉ်၊ စက်၊ ယန္တရားများ ကွဲခိုင်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို စစ်ဆေးခြင်း၊ မိတ္ထီလာမြို့ ဈေးကြီးအတွင်းအသားငါးရောင်းချသည့်နေရာများ ရေရရှိမှု၊ ယင်လုံဆန်ခါဖြင့်ရောင်းချနေမှု၊ ဈေးသန့်ရှင်း သပ်ရပ်မှုနှင့် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို စစ်ဆေးကြသည်။

ယင်းနောက် အဖွဲ့ပိုင်ပန်းခြံအတွင်း သာယာလှပရေးဆောင်ရွက်ထားရှိမှုနှင့် ပျိုးဥယျာဉ်တွင် ပန်းအလှပင်များ ပျိုးထောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အမှုဆောင်အရာရှိနှင့် တာဝန်ရှိဝန်ထမ်းများအား အဖွဲ့ရုံးအစည်း အဝေးခန်းမတွင် တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။**(မြို့နယ် စည်ပင်)**

စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်သော တင်းတိပ်ကျေးရွာ တန်ဖိုးနည်းအိမ်ရာ တည်ဆောက် ပြီးစီးမှုကို ဇန်နဝါရီ ၂၄ ရက်က စည်ပင်သာယာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုံးညွှန့် ကွင်းဆင်းစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းပြီးစီးမှုကို ရှင်းလင်းပြသစဉ်။
(မြို့နယ်စည်ပင်)

နွားထိုးကြီးမြို့ မင်းရွာအဝင် ကျောက်ချောလမ်းဖွင့်

နွားထိုးကြီး ဖေဖော်ဝါရီ ၂၀

နွားထိုးကြီးမြို့နယ်တွင် နှစ် (၆၀) ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၁၁ ရက်နံနက် ၉နာရီက မင်းရွာအဝင် ကျောက်ချောလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်သောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်သောင်းက ကျောက်ချောလမ်းနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြရာ ကျေးရွာဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

ကုန်ကျငွေ

အဆိုပါ ကျောက်ချောလမ်းမှာ မန္တလေး-မြင်းခြံကားလမ်းမှ မင်းရွာကျေးရွာ အထိ လမ်းအရှည် ပေ ၂၀၈၀၊ အကျယ် ၁၂ပေရှိပြီး အရှည် ပေ ၂၀၊ အကျယ် ၂ ပေရှိသော ကွန်ကရစ်ရေပြွန်တံတား တစ်ခုပါရှိ၍ စုစုပေါင်း ကုန်ကျငွေသိန်း ၅၀ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၂၁၃)**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ဇန်နဝါရီ ၂၅ ရက်က တာလေမြို့ စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော မြို့ဝင်ဆိုင်းဘုတ် တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှု စစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

ဒီပဲယင်းမြို့၌ စာသင်ခုံများအတွက် အလှူငွေပေးအပ်

ဒီပဲယင်း ဖေဖော်ဝါရီ ၅

ဒီပဲယင်းမြို့နယ် ထုံးဘိုအုပ်စု ဒန်းပင်ကျေးရွာရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် စာသင်ခုံများပြုလုပ်ရန် ငွေလှူဒါန်းပွဲကို ဇန်နဝါရီ ၂၃ ရက်က ဒန်းပင်ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပသည်။

ထို့နောက် မုံရွာမြို့ ရွှေအုပ်စုကုမ္ပဏီကိုယ်စား တာဝန်ခံဦးကျော်ရင်က စာသင်ခုံဖိုးငွေကျပ် နှစ်သိန်း၊ ဒီပဲယင်းမြို့နယ် စိုင်ပြင်စံပြကျေးရွာနေ ဦးကျော်သန်း၊ ဒေါ်တင်သန်း မိသားစုက ငွေကျပ်တစ်သိန်းငါးသောင်းကိုထောက်ပံ့လှူဒါန်းရာ ကျောင်းကော်မတီဥက္ကဋ္ဌ ဦးချမ်းမောင်က လက်ခံရယူသည်။
(မြို့နယ် ပြန်/ဆက်)

အရီးတောင်းလက်ဖက် ရတနာပုံဈေးဆိုင်သစ်ဖွင့်

မန္တလေး ဖေဖော်ဝါရီ ၂၁

မန္တလေးမြို့ အရီးတောင်းလက်ဖက် မိသားစုက မန္တလေးမြို့ အရှေ့ပိုင်းမြို့သူ၊ မြို့သားများအတွက် အရီးတောင်း လက်ဖက်၊ ကြက်သွန်ကြော်၊ နှမ်းကြော်၊ ပဲကြော်စုံဆိုင်သစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၁၈ရက်နံနက်၉နာရီက အဆင့်မြင့်ရတနာပုံဈေးတောင်ဘက် ၃၄လမ်း၊ ၇၈လမ်းနှင့် ၇၉လမ်းကြား ဆိုင်သစ်တွင် ကျင်းပသည်။**(အောက်ဝဲပုံ)**

ပြောကြား

ဖွင့်ပွဲတွင် ဆိုင်သစ်ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အရီးတောင်း၏ မိခင်ကြီး ဒေါ်ကြွယ်ကြွယ်က ရှင်းလင်းပြောကြားပြီး အရီးတောင်း ဦးကျော်သိန်းနှင့် အကယ်ဒမီ စိုးမြတ်နန္ဒာတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(ဝဲပုံ)**

ကျွေးမွေး

ထို့နောက် ကြွရောက်လာသော ဧည့်ပရိသတ်များအား အရီးတောင်း လက်ဖက်နှင့်စားဖွယ်မျိုးစုံတို့ဖြင့် ဧည့်ခံကျွေးမွေးသည်။

ဖွင့်လှစ်

အဆိုပါ ဆိုင်သစ်ကို နံနက်၇နာရီမှ ည ၈နာရီအထိ နေ့စဉ်ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **(၃၁၃)**

ပန်းအလှပင်များ ဟိုပန်၌ ပျိုးထောင်

ဟိုပန် ဖေဖော်ဝါရီ ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးရန်နိုင်သည် ဇန်နဝါရီ ၂၆ ရက်က ဟိုပန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပျိုးထောင်ထားသော ပန်းအလှပင်များကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဆန်းလှိုင်ဦးက လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အမြို့မြို့ အနယ်နယ် သတင်းများ

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
တပေါင်းလပြည့်နေ့
၂-၃-၂၀၀၇ (သောကြာနေ့)
(တောင်သူလယ်သမားနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့် ဝဠသုတ်)

နေ့လယ်ပိုင်း

၀၉:၃၅ ဟောပြောချက် (သာယာလှပတပေါင်းလ)
၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (လယ်ယာမြေတစ်ဝမ်းသီးနှံစွမ်းဖြင့် ဇီဝစွမ်းအားမြှင့်)
၁၁:၃၅ ထူးဆန်းထွေလာသတင်းပဒေသာ
၁၂:၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် လက်ဖက်ပင်)
၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (တရားသော အချစ်နဲ့စစ်မျက်နှာ)

ညနေပိုင်း

၁၆:၁၀ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (စိတ်ကြိုက်မြန်မာစာ)
၁၆:၃၀ -ရာသီခါမီတေးပန်းချီ
(၁) မိန်ရာသီ (ကိုအံ့ကြီး)
(၂) မြပန်းခွေ (ခိုင်ဝါ)
(၃) နွေကန္တာဦး (ရာဇာဝင်းတင့်)
၁၇:၃၀ ရေဒီယိုမဂ္ဂဇင်း
(၁) လတပေါင်း (ခေါင်းကြီး)
(၂) တကယ့်ရတနာ (ဆောင်းပါး သရုပ်ဖော်)
၁၇:၅၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၈:၂၅ ကျေးလက်ဇာတ်လမ်း (ပျော်စရာကမ္ဘာ)
၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (နုပျိုခြင်းနှင့် အိုမင်းခြင်း) (မောင်ဆုရှင်)
၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) သူငယ်ချင်းလို့ပဲဆက်၍ခေါ်မယ် (လှမိအေး)
(၂) ပန်းကိုတော့ချူလိုပါသည် (စန္ဒရားညွှန့်ဝင်းလေး)
(၃) စပျစ်သီးလေးတွေချိုပါတယ် (မဥ္ဇူသင်း)

ခင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့အဝင်ဆိုင်းဘုတ်များ မြို့တွင်းလမ်းဘေးဝဲယာ သန့်ရှင်းသာယာလှပရေးအတွက် ဒုတိယဦးစီးမှူး(အခွန်) ဦးထွန်းထွန်းလတ်နှင့်အဖွဲ့ဝန်ထမ်းများ ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဇန်နဝါရီ ၁၆ ရက်က အမှုဆောင်အရာရှိ ဦးချစ်ငွေ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

တကောင်းမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေးမျက်နှာဘုရားကြီးအဝင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁ ရက်က သပိတ်ကျင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဂျော့ချ်မျိုးမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးသိန်းထွေးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအနောက်ရပ်ကွက် ပိတောက်ပင်လမ်း အမှတ်(၁၆)နေ ဦးမေအောင်၊ သားကိုအေးအောင်၊ သမီး မခင်မျိုးသစ် မိသားစုက အလှူတော်ငွေ ကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်(ဂမုန်းပွင့်ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန(ဓမ္မာစရိယ)ထံ ဆက်ကပ် လှူဒါန်းစဉ်။ (က-ပ)

အနန္တ မေတ္တာစေတီ ဗုဒ္ဓပူဇနိယပွဲကျင်းပ

ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၀

ကျောက်ပန်းတောင်းမြို့ သဲအင်းဂူ ဝိပဿနာကျောင်းတိုက် ပဓာနနာယက ဆရာတော် အရှင်ဓမ္မသာမိ ဦးဆောင်သော (၁၃)ကြိမ်မြောက် အနန္တ မေတ္တာစေတီတော် ဗုဒ္ဓပူဇနိယ ပွဲတော်ကို ဖေဖော်ဝါရီ၁ရက်နံနက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်က ကုသိုလ်ရှင်များအား ကိုးပါးသီလ ချီးမြှင့်တော်မူ၍ သာဓုအနုမောဒနာတရားတော်များ ဟောကြားကာ လှူဖွယ်ဝတ္ထု အစုစုအား ရေစက်သွန်းချ အမျှပေးဝေ ကြသည်။ (ဝ၆၁)

ရောဝတီတိုင်း ပုသိမ်မြို့ တိုင်း ပညာရေးမှူး၊ မြို့နယ် ပညာရေးမှူး၊ အထက၊ အလက၊ အမက ကျောင်း ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် တိ=နိ အကျိုးတော်ဆောင်များအဖွဲ့က ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ငါးသိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပင်လုံမြို့ အမှတ်(၂)ရပ်ကွက် အများသုံး အုတ်ရေကန်တည်ဆောက်ထားရှိမှုကို ဖေဖော်ဝါရီ ၁ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးသောင်းစိန် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့တာဝန်ခံ ဦးစီးအရာရှိ ဦးသစ်ထူးမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမောင်မောင်ကျော်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေး

မြင်းမူ ဖေဖော်ဝါရီ ၂

စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ဆောင်သည် ဇန်နဝါရီ၁၉ရက်က မြင်းမူမြို့နယ်သို့ ရောက်ရှိပြီး မြို့နယ်ဦးစီးမှူး ဦးညိုအုန်းနှင့်ဝန်ထမ်းများအား တွေ့ဆုံကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အကောင်အထည် ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန် မှာကြားကာ လုပ်ငန်းဆိုင်ရာများ စစ်ဆေးသည်။

ထို့နောက် ခရိုင်ဦးစီးအရာရှိသည် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများနှင့်တွေ့ဆုံပြီး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည် တည်တံ့ခိုင်မြဲရေးနှင့် အဆောက်အအုံဖြစ်ပေါ်လာရေးတို့အတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် ဆွေးနွေး မှာကြားကာ ကျေးရွာစာ ကြည့်တိုက်များသို့ သုတ၊ ရသစာအုပ် ၅၀စီ လှူဒါန်းခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

ပြန်/ဆက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များစစ်ဆေး

လှည်းကူး ဖေဖော်ဝါရီ ၂၅

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်သည် ဖေဖော်ဝါရီ ၂၂ ရက်က လှည်းကူးမြို့နယ် ဖောင်ကြီး စံပြအရှေ့စံပြကျေးရွာ အလင်းသစ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ ရောက်ရှိပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊အသင်းဝင်များတိုးပွားရေး၊တည်ဆောက်ထားပြီးသော စာကြည့်တိုက် အဆောက်အအုံများ ရေရှည် တည်တံ့အောင် ဝိုင်းဝန်း ထိန်းသိမ်းကြရေး၊ စာကြည့်တိုက် လုပ်ငန်းများကို ရည်မှန်းချက်များရေးဆွဲကာ အကောင်အထည်ဖော် သွားကြရေးတို့ကို ဆွေးနွေးခဲ့ပြီး (အောက်ပုံ) စာကြည့်တိုက်အတွင်း လှည့်လည် စစ်ဆေးခဲ့သည်။ (ခရိုင် ပြန်/ဆက်)

အင်္ဂပူ ကြက်ခြေနီအသင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ပညာသင်ဆုပေးအပ်ချီးမြှင့်ပွဲ ကျင်းပ

အင်္ဂပူ ဖေဖော်ဝါရီ ၉

အင်္ဂပူမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပညာသင်ဆုပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁ရက် နံနက် ၉နာရီက အင်္ဂပူမြို့နယ်ပြည် ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အတွင်းမှ ဆေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် အသက်မွေးဝမ်းကျောင်းပညာတက္ကသိုလ်များသို့ တက်ရောက်၍ အဆင့်မြင့် ပညာသင်ကြားနေသူ ကျောင်းသားကျောင်းသူ ၁၉ဦးတို့အား မြို့နယ်အသင်း အတွင်းရေးမှူး ဦးမြတ်စိုးက ပညာသင်ဆုများကို တစ်ဦးချင်း ပေးအပ်သည်။

အဆိုပါပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ပညာသင်ဆုကို လစဉ် ငွေကျပ် ၃၉၀၀၀ ဖြင့် ပညာသင်နှစ် ပြီးဆုံးသည့်တိုင်အောင် ပေးအပ်သွားမည်ဖြစ်ရာ ယခုထိ ပညာသင်ဆုငွေကျပ်၂၉ဒသမသသိန်း ပေးအပ်ပြီးဖြစ်ကြောင်း သိရသည်။ (၁၃၁)

ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးလွင် ဇန်နဝါရီ ၂၈ ရက်ကသာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ဝင်ဆိုင်းဘုတ်၌ အဖွဲ့ဝန်ထမ်းများဖြင့်မြေယာရှုခင်း အလှပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်အောင်ဖြိုးနှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးအောင်သူတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

(၄၄)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၈

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဒဂုံမြို့သစ် (တောင်ပိုင်း) ၁၉ရပ်ကွက်နေ ကိုအောင်နိုင်ဦး **(အပေါ်ပုံ)** သည် ဖေဖော်ဝါရီ ၅ရက်က ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်တွင် (၄၄) ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ (က-ပ)

မြို့နယ် သတင်းများ

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ မီးတိုင်တောကျေးရွာအုပ်စု ညောင်သပြေကျေးရွာရှိ သံကူကွန်ကရစ်တံတားဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေမြင့်နှင့် ဦးစောဂျူဗလီ စံလှ ထွေ/အုပ်(ငြိမ်း)တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မောင်တောမြို့ မင်းထီးလမ်း ကတ္တရာခင်း

မောင်တော ဖေဖော်ဝါရီ ၁၀

မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မင်းထီးလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၃ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်မောင်နှင့် အမှုဆောင်အရာရှိ ဦးဘမြင့်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး မြောင်မြို့၌ ဆွေးနွေး

စစ်ကိုင်း ဖေဖော်ဝါရီ ၁

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ဆောင်၊ မြောင်မြို့နယ် ဒုတိယဦးစီးမှူး ဦးသိန်းနှင့် ဝန်ထမ်းများသည် ဇန်နဝါရီ ၁၈ရက် နံနက်က စစ်ကိုင်းခရိုင် မြောင် မြို့နယ်အတွင်းရှိကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု စာရေးများနှင့် တွေ့ဆုံ၍ ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မြောင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ထီးလိှုင်ရှင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ဆောင်က စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက်လုပ်ဆောင်ရမည့် နည်းလမ်းများ၊ စာအုပ်တိုးတက်မှု ရရှိစေရန် စည်းရုံးဆောင်ရွက်ရမည့် နည်းလမ်းများ၊ စာအုပ်ထိန်းသိမ်းနည်းစနစ်များကို ရှင်းလင်းပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

သာသနိက အဆောက်အအုံအတွက် ငွေများလှူဒါန်း

ကောလင်း ဖေဖော်ဝါရီ ၈

ကောလင်းမြို့နယ် သရက်ခုံအုပ်စု ညောင်ပင်သာကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်အတွင်း ရှင်ဥပဂုတ္တရေကန်တော် ဘက်စုံတည်ဆောက်ရေး အလှူတော်ငွေပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၅ရက်က ညောင်ပင်သာ ကျောင်းတိုက်တွင် ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းတိုက်ဦးစီးပဓာနဆရာတော် ဘဒ္ဒန္တ သုမင်္ဂလက သာဓုအနုမောဒနာမြွက်ကြားချီးမြှင့်တော်မူပြီး အလှူရှင် ကောလင်းမြို့ ညောင်ပင်သာကျေးရွာနေ ဦးစိုးလွင်-ဒေါ်သန်းဝင်းက ငွေကျပ်၁၀သိန်း၊ ဒေါ်ခင်ပုက ငွေကျပ်တစ်သိန်းကို ကျောင်းတိုက်ဦးစီးပဓာနဆရာတော်ထံ ဆက်ကပ် လှူဒါန်းကြသည်။ (၀၂၆)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
သတင်းကြေညာချက်

ရန်ကုန်မြို့။
၁၃၆၈ခုနှစ် တပို့တွဲလပြည့်ကျော် ၁၂ရက်
၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ ၁၃ရက်

၁။ ၂၀၀၇ခုနှစ် မတ်လ ၈ရက်မှစ၍ (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မြန်မာ့ကျောက်မျက်ရတနာပြပွဲခန်းမနှင့် မြန်မာကွန်ဗင်းရှင်းစင်တာတို့တွင် ကျင်းပမည်ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ (၄၄) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူခွင့်ပြုပါမည်။

၂။ ၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်လိုသူများသည် ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ ၂၃ရက်နေ့မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲခန်းမနှင့် မြန်မာကွန်ဗင်းရှင်းစင်တာတို့တွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာဆပ်ကော်မတီရုံးအဖွဲ့နှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပသ/၂၆၅၁၃၊ Anbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်မိုး မှတ်ပုံတင်အမှတ် ၁၄/ဖပန(နိုင်)၁၃၅၃၅၉က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃)ပျောက်ဆုံး မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မအူပင်) မအူပင်မြို့။

စက်ရုံနှင့်ဂိုဒေါင်ငှားမည်

အမှတ် ၄၃၊ အာသောကလမ်း ၁၃ရပ်ကွက် လှိုင်မြို့နယ် ပေ (၇၀×၁၀၀) ပါဝါမီတာ ၊တယ်လီဖုန်း၊ ရေမီးအပြည့်အစုံ။ **ဆက်သွယ်ရန် ဖုန်း- ၅၃၇၂၀၇၊ ဝ၉-၅၀၀၉၇၃၈၊ ဝ၉-၅၁၆၄၇၀၂။**

ချိပ်ပိတ်တင်ဒါ ခေါ်ယူခြင်း

၁။ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း လက်အောက်ရှိ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံအတွက်အောက်ဖော်ပြပါ စက်ပစ္စည်းအား ပစ္စည်းလက်ဝယ်ရှိသူထံမှ ကုန်စည်ဖလှယ်စနစ်ဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

ပြည်တွင်းအဝယ် ဈေးနှုန်းအဆိုပြုလွှာ(၂၀၀၆-၂၀၀၇)

တင်ဒါပေးသွင်းရက်	၁-၃-၂၀၀၇
တင်ဒါပိတ်ရက်	၁၂-၃-၂၀၀၇

ပစ္စည်းအမည်	ရေတွက်ပုံ	အရေအတွက်
Automatic Powder Filling Machine With Automatic Vertical Screw Feeder (Integratable With Automatic Conveyor Line)	Set	1

၂။ ချိပ်ပိတ်တင်ဒါ ပေးသွင်းမှုကို အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ စက်မှုညွှန်ကြားရေးဦးစီးဌာန၊နေပြည်တော်သို့(၁၂-၃-၂၀၀၇)ရက် (၁၄:၀၀)နာရီတွင် နောက်ဆုံးပေးသွင်းရမည် ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို(၁-၃-၂၀၀၇)ရက်မှစ၍ အောက်ဖော်ပြပါ လိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

အမှတ်(၁) စက်မှုဝန်ကြီးဌာန
မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း
စီမံကိန်းဌာန
နေပြည်တော်၊ ဖုန်းနံပါတ်- ဝ၆၇-၄၀၈၁၄၄။

ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၂-၂၀၀၇ ရက်ထုတ် ဤသတင်းစာ၊ စာမျက်နှာ ၁၈ပါ ဒေါ်မြမြကြည် (လ/ထ ညွှန်မှူး လဝက)၏ တစ်နှစ်ပြည့် ကောင်းမှု ကုသိုလ်ဒါန ကြော်ငြာတွင် တစ်နှစ် ပြည့်မြောက်သည့်နေ့ကို ၁၄-၂-၂၀၀၇ ရက်အစား ၂၄-၂-၂၀၀၇ ရက်ဟု ပြင်ဆင် ဖတ်ရှုပါရန်။



အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း လသာမြို့နယ်၂၂လမ်း၊ အမှတ်-၃၀(ပ)ထပ်နေ ဒေါ်အေးအေးသိန်း ၁၀/မလမ(နိုင်)၁၁၀၄၅၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဒေါ်အေးအေးသိန်းနှင့် လမ်းမတော်မြို့နယ် ၁၄လမ်း၊ အမှတ်-၅၉(ပ) နေ ဦးမောင်မောင်စီ(EMGI)-၀၃၆၈၆၂ တို့သည် လွန်ခဲ့သော ၇-၅-၁၉၈၉ ရက်က တရားဝင်လက်ထပ်ခဲ့ကြပြီးနောက် သဘောထားခြင်းတိုက်ဆိုင်မှုမရှိသဖြင့် ၈-၂-၁၉၉၅ ရက် မှစ၍ လင်ခန်း၊မယားခန်းပြတ်စဲခဲ့ကြသည်မှာ (၁၂)နှစ်ရှိခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်၍ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရလည်းကောင်း၊ နှစ်ဦးသဘောဆန္ဒအရ လည်းကောင်း၊ ဒေါ်အေးအေးသိန်းနှင့် ဦးမောင်မောင်စီတို့သည် တစ်ဦးနှင့်တစ်ဦး လင်ခန်း၊ မယားခန်း ရပ်စဲခဲ့ကြ ပြီးဖြစ်သည့်အတွက် ယနေ့မှစ၍ ဒေါ်အေးအေးသိန်းမှ ရှေ့ဆက်ဆောင်ရွက်မည့် လူမှုရေး၊ စီးပွားရေး၊ ဘာသာရေးကိစ္စ အရပ်ရပ်တို့တွင် ဦးမောင်မောင်စီနှင့် မည်သို့မျှသက်ဆိုင် ပတ်သက်ခံစားခွင့် အလျဉ်းမရှိတော့ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဦးစိန်ဝင်းမောင်(B.A(Law),LL.B)ဥပဒေအကျိုးဆောင်၊
အမှတ်-၅၈(ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၃၇၆၃၁၉။

ဒဂုံမြို့နယ် ယောမင်းကြီးလမ်း ခြံအမှတ်(၂၄အေ)နေ ဦးမျိုးအောင်-ဒေါ်တင်ရွှေ၊သမီး မခင်နေခြည်၊သား မောင်ချမ်းမြေ့အောင်၊ သမီး မယမင်းပြည့်ဖြိုး မိသားစုတို့က အဘိဓမ္မာ ပိဋကပဋ္ဌာန်းကျမ်း ကြေးပိဋကတ် ၅ချပ်အတွက် ငွေကျပ်တစ်သိန်းကို ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေးအဖွဲ့ ဦးဆောင်ဆရာတော် ဘဒ္ဒန္တ ဉာဏထံ ဆက်ကပ်လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းတင်လွှာ ပေးအပ်စဉ်။ (က-ပ)

ရုပ်မြင်သံကြားပြစက်လှူဒါန်း

ညောင်ရွှေ ဖေဖော်ဝါရီ ၆

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏(၁၆)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ဇန်နဝါရီ ၂၄ ရက်က ညောင်ရွှေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ဣစ္ဆိတံကုမ္ပဏီမှ ရုပ်မြင်သံကြားပြစက် တစ်လုံး၊ နိုင်စာပေမှ မဂ္ဂဇင်း အုပ် ၁၀၀၊ မြို့နယ်ရုံးစာကြည့်တိုက်အတွက် အလှူရှင်သုံးဦးတို့က လှူဒါန်းငွေ ကျပ် ၁၁၀၀၀နှင့် လစဉ်ထုတ် မဂ္ဂဇင်းများကို ပေးအပ်လှူဒါန်းရာ မြို့နယ် ဒုတိယရဲမှူးအုန်းသွင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

သာပေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် သာပေါင်း-ဆောင်ပုံကျေးလက် ကျောက်ချောလမ်းခင်း ဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၂ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်သူဝင်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပဲခူးမြို့ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း မီးသတ်နည်းပညာပေးဟောပြော၊ လက်တွေ့သရုပ်ပြ

ပဲခူး ဖေဖော်ဝါရီ ၁၀

ပဲခူးမြို့ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း တိုင်းရောင်းဝယ်ရေးအရာရှိရုံး (က)အဆင့် မီးသတ်ပညာပေးဟောပြောပွဲနှင့် လက်တွေ့ မီးသတ်သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၂ရက်နံနက် ၁၀ နာရီက ကျင်းပရာ တိုင်းရောင်းဝယ်ရေး အရာရှိ ဦးခင်လှက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းမီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ရဲသူရိန်ဦးလှမြင့်က မီးသတ်နည်းလုပ်ငန်းနှင့် ပတ်သက်၍ ပညာပေးဟောပြောပြီး တိုင်းမီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်နည်းကို လက်တွေ့သရုပ်ပြ ရှင်းလင်းခဲ့သည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

လူ့စွမ်းအားအရင်းအမြစ်များ နယ်ပယ်ကဏ္ဍစုံ၌ အင်နှင့်အားနှင့်ပြည့်စုံပြီးထောင်နိုင်ရန် အလွန်အရေးကြီး

အရည်အသွေးမြင့်မားသည့် အသိပညာရှင် အတတ်ပညာရှင်များ ပြည့်စုံလုံလောက်မှုစွမ်းအားကသာလျှင် အမျိုးသားစီးပွားရေးဓနအင်အား တိုးတက်ခိုင်မာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ပေးနိုင်

ရရှိထားပြီး တည်ငြိမ်အေးချမ်းမှု၊ ရရှိလတ္တံ့သော ငြိမ်းချမ်းသာယာမှုအခြေခံကောင်းများ မပျက်ပြားစေရန် အသွင်အမျိုးမျိုးနှင့် ဝင်ရောက်လာနေသည့် သွေးခွဲသပ်လျှိုမှုများကို အမျိုးသားရေးသတိဖြင့်ရှောင်ရှား

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂၈

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပသည့် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံ သင်တန်းအမှတ်စဉ် (၁၁) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး ထူးချွန်ဆုများ ပေးအပ်သည်။

တက်ရောက်

သင်တန်းဆင်းပွဲ အခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်နှင့် ဌာနမှူးများ ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ●

ရင်ခုန်လှုပ်ရှား ရုပ်ရှင်ကြယ်ပွင့်တို့၏ ရင်ဖွင့်စကားသံများ

တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး (မြန်မာ့အလင်း)

သတင်းဆောင်းပါးအကျယ် (စာ-၁၂) တွင် ဖတ်ရှုနိုင်ပါသည်။

"ကိုယ်စွမ်း ရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ အားထည့်ကြိုးစား ရိုက်ကူးထားတာမို့ မျှော်လင့်ချက်တော့ ထားနေပါတယ်"

သရုပ်ဆောင် လူမင်း

"ဒီနှစ် အကယ်ဒမီ ဆုကတော့ ကျွန်တော် သိပ်မမျှော်မှန်းထားပါဘူး"

သရုပ်ဆောင် လွင်မိုး

"သတင်းတွေ အများကြီး ထွက်နေပေမယ့် အကယ်ဒမီဆုကို မမှန်းရဲပါဘူး၊ လွဲရတဲ့ ခံစားမှုကိုလဲ ကြိုတင်ပြင်ဆင်ထားပါတယ်"

သရုပ်ဆောင် ထွန်းအိန္ဒြာဗို

"အကယ်ဒမီကို နှလုံးတုန် ရင်ခုန်ရလွန်းလို့ ခံစားမှုတွေ လျှော့ထားပါတယ်"

သရုပ်ဆောင် ကျော်ရဲအောင်

"ဒီနှစ်မှာ နန္ဒာထက် ပိုတော်ပြီး ပိုကောင်းတဲ့ သရုပ်ဆောင်တွေ အများကြီးမို့ သူတို့ရရင်လဲ နန္ဒာ ပျော်တာပါပဲ"

သရုပ်ဆောင် နန္ဒာလှိုင်

1-3 (20) 1 3/1/07, 2:26 PM